ကြေးမုံ
The Mirror

၁၃၇၄ ခုနှစ်၊ ကဆုန်လကွယ်၊ တနင်္ဂနွေနေ့၊ (20-5-2012) (၇၁၂၆)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

(၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီး၌ ကျင်းပစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်

(၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညို

ရန်ကုန် မေ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးဝန်ကြီးဌာနက ကျင်းပခဲ့သော (၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲတွင် တိပိဋကဓရ တိပိဋကကောဝိဒအောင် သာသနဒ္ဓဇအာဇာနည် တစ်ပါး၊ တိပိဋကဓရအောင် သာသနဒ္ဓဇအာဇာနည် တစ်ပါး၊ မူလအာဘိဓမ္မိကအောင် သာသနဒ္ဓဇအာဇာနည် နှစ်ပါး၊ ဒီဃနိကာယ ကောဝိဒအောင် သာသနဒ္ဓဇအာဇာနည် နှစ်ပါး၊ ဒီဃဘာဏကအောင် သာသနဒ္ဓဇအာဇာနည် လေးပါး၊ ဝိနယကောဝိဒအောင် သာသနဒ္ဓဇအာဇာနည် နှစ်ပါး၊ ဝိနယဓရအောင် သာသနဒ္ဓဇအာဇာနည် ၂၇ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒအောင် သာသနဒ္ဓဇအာဇာနည် ၁၀ ပါးနှင့် ဥဘတောဝိဘင်္ဂဓရအောင် သာသနဒ္ဓဇအာဇာနည် ၄၄ ပါး စုစုပေါင်း သာသနဒ္ဓဇအာဇာနည် အရှင်မြတ် ၉၃ ပါးတို့အား ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ တက်ရောက် ကြည်ညိုကြသည်။

အဆိုပါ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာမေးပွဲကြီးကြပ်ရေး စာထောက်စာမ ဆရာတော်များ၊ စာမေးပွဲအောင် သာသနဒ္ဓဇအာဇာနည် အရှင်မြတ်များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြည်ထောင်စု ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဘာသာရေး အသင်းအဖွဲ့ဝင်များ၊ စာအောင် သံဃာတော် အရှင်မြတ်များ၏ တပည့် ဒါယကာ ဒါယိကာမများ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားကို နံနက် ၈ နာရီတွင် စတင်ကျင်းပရာ ဆရာတော် သံဃာတော် အရှင်မြတ်များနှင့် ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့သည် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယအဖွဲ့ဝင် လှိုင်သာယာမြို့နယ် သာသနဒ္ဓဇဂုဏ်ရည်ကျောင်းတိုက် ပဓာနနာယကဆရာတော်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အဘိဓမ္မာ ဒုတိယပိုင်း နှစ်ကျမ်း သဘောရေးဖြေအောင်မြင်တော်မူသော တိပိဋကဓရ တိပိဋက ကောဝိဒ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်မှ အရှင်ဣန္ဒာစရိယအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်စဉ်။

(သတင်းစဉ်)

ယနေ့ သတင်း အညွှန်း

“ရေသန့်ယဉ်ကျေးမှု ထွန်းကားလာပြီးနောက် အဝီစိတွင်းများ အလျှံပယ်တူးကာ စီးပွားဖြစ်လုပ်ဆောင်လာ၊ မြေအောက်ရေ အလွန်အကျွံထုတ်ယူသုံးစွဲမှုသည် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုကို ပိုဆိုးလာနိုင်ကြောင်း အင်တာနက်သတင်းတစ်ရပ်အရသိရ”

ယနေ့ ဖတ်စရာ မှတ်စရာ စာမျက်နှာ ၅

အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO)၏ အရည်အသွေးနာမည်ကောင်း နိုင်ငံများစာရင်း (White List) တွင် မြန်မာနိုင်ငံဖော်ပြပါရှိနေစေရေး ဆောင်ရွက်နေ

ပြည်တွင်းသတင်း စာမျက်နှာ ၃

ကြေးမုံစာတည်းရှုထောင့်

၂၀-၅-၂၀၁၂ [တနင်္ဂနွေနေ့]။

နိုင်ငံချစ်စိတ်ဖြင့် လက်တွဲလုပ်ဆောင်

တိုင်းပြည်တစ်ပြည်တွင် သယံဇာတ မည်မျှပင်ပေါများကြွယ်ဝစေကာမူ ထိုတိုင်းပြည်တွင် လူသားအရင်းအမြစ် ကျွမ်းကျင်သူများနည်းပါးပါက ထိုတိုင်းပြည်၏ သယံဇာတအရင်းအမြစ်များကို တိုင်းပြည်အတွက် အပြည့်အဝအသုံးချနိုင်မည်မဟုတ်ကြောင်း ကမ္ဘာပေါ်ရှိနိုင်ငံများက သက်သေပြလျက်ရှိသည်။ တစ်နည်းအားဖြင့် တိုင်းပြည်တစ်ပြည်တွင် သယံဇာတအရင်းအမြစ်များ မရှိသော်လည်း ထိုတိုင်းပြည်တွင် လူသားစွမ်းရည်များရှိသဖြင့် တိုင်းပြည်ချမ်းသာကြွယ်ဝမှု အပြည့်အဝပေးနိုင်သည်ကိုလည်း အနီးဝန်းကျင်နိုင်ငံအချို့၌ တွေ့ရသည်။

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံရှိ သယံဇာတကြွယ်ဝခြင်း၊ မကြွယ်ဝခြင်းထက် ထိုနိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ခြင်း၊ လူ့အရင်းအမြစ်များတည်ရှိခြင်းတို့သည်သာ ပဓာနအရင်းခံအကြောင်းတရားဖြစ်ပေသည်။ သို့ဖြင့် ထိုနိုင်ငံရှိ လူ့အရင်းအမြစ်များဖြစ်ထွန်းမှုကို လေ့လာဆန်းစစ်ရန် လိုအပ်လာမည်ဖြစ်သည်။ အမှန်တွင် လူဟူသည်မှာ အသိဉာဏ်ရှိသော လူသားများပင်ဖြစ်၍ စွမ်းဆောင်ရည်ရှိသော လူ့အရင်းအမြစ်များ မဖြစ်နိုင်စရာအကြောင်း မည်သည့်နည်းနှင့်မျှ မရှိချေ။ လူသာလျှင် ပဓာနဖြစ်၍ မည်သည့်အရာမျှ မစွမ်းနိုင်ဟူ၍ မရှိပါ။ မလုပ်၍သာ၊ အကြောင်းကြောင်းကြောင့် ရှောင်ဖယ်၍သာ မရှိခြင်းဖြစ်ပါသည်။

ထိုအခါ သမိုင်းကြောင်းကို ပြန်ပြောင်းသက်သေပြုရမည်ဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံတွင် ရှေးရှေးကာလကတည်းက နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်သည့် လူ့အရင်းအမြစ်များ ပေါ်ထွန်းပြီးဖြစ်ပါသည်။ ကုန်းဘောင်ခေတ်မကုန်ဆုံးမီ မင်းတုန်းမင်းလက်ထက်ကာလက အမြော်အမြင်ကြီးမားသော ကနောင်မင်းသားကြီးသည် နိုင်ငံကို စက်မှုနိုင်ငံဖြစ်အောင် လက်တွေ့ကျကျဖော်ဆောင်နိုင်ခဲ့သည်ကို နိုင်ငံသားအားလုံးအသိဖြစ်မည်။ သို့ရာတွင် အချင်းချင်း မညီမညွတ်ဖြစ်ကြသဖြင့် လေ့လျော်ရင်းတက်ကျိုးခဲ့ရသည်။ စက်မှုနိုင်ငံတော် အိပ်မက်သည်လည်း ပျောက်ကွယ်ခဲ့ရသည်။

ထိုစဉ်က ခေတ်မီစက်ရုံ၊ အလုပ်ရုံများ များစွာပေါ်ထွန်းခဲ့သည်။ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်သည့် အသိပညာ၊ အတတ်ပညာများ တတ်မြောက်စေရန်အတွက် နိုင်ငံခြားပညာတော်သင်များ အမြောက်အမြားစေလွှတ်ပေးခဲ့သည်။ ထိုပညာရှင်များ၏စွမ်းဆောင်မှုဖြင့် နိုင်ငံကိုခေတ်မီစေခဲ့သည်။ ပညာသင်များမှာ မိမိနိုင်ငံလွတ်လပ်ရေး၊ မိမိနိုင်ငံအခွန့်ရှည်ရေးအတွက် နိုင်ငံချစ်စိတ်ကို အရင်းတည်ပြီး တိုင်းပြည်ကိုအလုပ်အကျွေးပြုခဲ့ကြသည်။ အကယ်၍သာ လေ့လျော်ရင်းတက်မကျိုးခဲ့လျှင် ယနေ့ဖွံ့ဖြိုးတိုးတက်သည့် စက်မှုနိုင်ငံကြီး ဖြစ်လောက်ပြီ။ သူ့ကျွန်မဖြစ်ဘဲ နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်လောက်ပြီ။

သမိုင်းကြောင်း၏ သက်သေသာဓကသာဖြစ်ပါသည်။ ယနေ့ကျွန်ုပ်တို့နိုင်ငံကို နိုင်ငံတော်က အမြော်အမြင်ကြီးမားစွာဖြင့် ပြုပြင်ပြောင်းလဲမှုများ ချမှတ်ဆောင်ရွက်နေပြီဖြစ်သည်။ကျွန်ုပ်တို့နိုင်ငံသည် သယံဇာတများလည်း ပေါများကြွယ်ဝပါသည်။ ကြံ့ရည်ဖန်ရည်ကောင်းသော လူသားစွမ်းရည်များလည်း ရှိပါသည်။ မတတ်မြောက်သေးသူများလည်း ရှိပါသည်။ တတ်မြောက်ပြီးသူများလည်း ရှိပါသည်။ မတတ်မြောက်သေးသူများကို တတ်မြောက်အောင် လုပ်ပေးဖို့၊ တတ်မြောက်ပြီးသူများကလည်း နိုင်ငံကို အလုပ်အကျွေးပြုဖို့ လိုမည်ဖြစ်သည်။

အဓိကအရင်းခံမှာ နိုင်ငံချစ်စိတ်တော့ရှိဖို့လိုမည်ဖြစ်သည်။ မိမိနိုင်ငံကောင်းစားမှ မိမိလူမျိုးချမ်းသာမည် ဖြစ်သည်။ ပြီးခဲ့သည့်အကြောင်းရင်းများကို ခဝါချကာ စိတ်သစ်လူသစ်ဖြင့် နိုင်ငံသစ်ကို တည်ဆောက်ကြဖို့ ဖြစ်သည်။ တစ်ချိန်သောကာလက လူတစ်စုဖြင့် နိုင်ငံကောင်းအောင် လုပ်ခဲ့ကြသည်။ ယနေ့ အားလုံးပါဝင်လုပ်ဆောင်ကြလျှင် မိမိနိုင်ငံမျှော်မှန်းချက်အတိုင်းဖြစ်လာမည်သာဖြစ်သည်။

ထို့ကြောင့် မိမိနိုင်ငံကို မိမိချစ်မြတ်နိုးကြရပါမည်။ မိမိလူမျိုးကို တိုးတက်စေရပါမည်။ လူ့ဘောင်လောကသည် မိမိအတွက်ထက် အများအကျိုးအတွက် အရင်ဦးစားပေးကြရပါမည်။ သို့သော် လူသည် အတ္တကိုသာ ရှေ့တန်းတင်တတ်သဖြင့် မိမိအကျိုးကိုသာ ဦးစားပေးကြည့်တတ်ပါသည်။ မိမိအကျိုးစီးပွားဖြစ်ထွန်းရေးသည် မိမိအတွက် မှန်ကန်သောလုပ်ဆောင်မှုဖြစ်သော်လည်း မိမိနိုင်ငံကောင်းမွန်ရေးအတွက် မိမိလည်းအကျိုးရှိ နိုင်ငံလည်း အကျိုးဖြစ်ထွန်းစေမည့်စိတ်ရင်းစေတနာများ ပြောင်းလဲဖို့လိုပြီဖြစ်သည်။

သို့ဖြစ်၍ သမိုင်းကြောင်းကိုသက်သေတည်ပြီး မိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသည့် မျှော်လင့်ချက်ရောင်ခြည်များ လွင့်ပြယ်မသွားစေရေး၊ မိမိနိုင်ငံအကျိုးစီးပွားကို မိမိနိုင်ငံသားများကသာ အပြည့်အဝခံစားနိုင်ရေးတို့အတွက် နိုင်ငံချစ်စိတ်ကိုအရင်းတည်ပြီး ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်ကြဖို့ လိုပါသည်။ ။

ဖောင်းကြွနံပါတ်ပြားများ ထုတ်ယူနိုင်

မန္တလေး မေ ၁၉

မန္တလေးတိုင်းဒေသကြီး ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနခွဲတွင် ၂၀၁၁ ခုနှစ် မေ ၃၁ ရက်ထိ ဖောင်းကြွနံပါတ်ပြားဖိုးပေးသွင်းထားသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်ပိုင်ရှင်များ ယာဉ်စစ်ဆေးရေးဌာန၌ ကမ-၃(မူရင်း၊ မိတ္တူ) ဖောင်းကြွပြေစာမူရင်း လာရောက်ထုတ်ယူသူ၏ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း၊ မိတ္တူ)တင်ပြ၍ ရုံးဖွင့်ရက်များတွင် နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီအတွင်း လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

(၆၅၃)

(၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲ ကျင်းပ ကျမ်းဂန်နှင့်အညီ ချီးကျူးပူဇော်ခြင်းဖြစ်သဖြင့် ဘုရားရှင်၏အလိုတော်ကျ ချီးကျူးပူဇော်ခြင်းဖြစ်

ရန်ကုန် မေ ၁၉

(၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲနှင့် အောင်လက်မှတ်ဆက်ကပ်ပွဲအခမ်းအနား၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ မိန့်ကြားတော်မူသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သမ္မောဒနီယ သာရဏီယသြဝါဒကထာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် (၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေးစာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသည့် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရ အရှင်ကုန္ဒာစရိယ၊ တိပိဋကဓရဘွဲ့ရ အရှင်ပညာသိရီလင်္ကာရနှင့်တကွ အဘိဓမ္မာပိဋကရှေ့ပိုင်း(၅)ကျမ်း အာဂုံအောင် မူလအာဘိဓမ္မိကဘွဲ့ရနှစ်ပါး၊ ဒီဃနိကာယကောဝိဒဘွဲ့ရ လေးပါး၊ ဝိနယကောဝိဒဘွဲ့ရ လေးပါး၊ ဒီဃဘာဏက ဘွဲ့ရ နှစ်ပါး၊ ဝိနယဓရဘွဲ့ရ ၂၇ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒဘွဲ့ရ ၁၀ ပါး၊ ဝိနယပိဋက ရှေ့ပိုင်းအာဂုံအောင် ဥဘတောဝိဘင်္ဂဓရဘွဲ့ရ ၄၄ ပါး စုစုပေါင်း ၉၃ ပါးသော သာသနာ့အာဇာနည် အရှင်မြတ်များနှင့်တကွ နိုင်ငံတော်အစိုးရအမှူးပြုသော ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့အား စိတ်ထားရွှင်လန်းဝမ်းမြောက်ဖွယ်ရာနှင့် ကာလရှည်စွာ အမှတ်ရဖွယ်ရာဖြစ်သော သမ္မောဒနီယ သာရဏီယသြဝါဒကထာ မြွက်ကြားလိုက်ပေသည်။

ယခုနှစ်(၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကြီးတွင် စစ်ကိုင်းမြို့ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက နိကာယ ကျောင်းတိုက်မှ ဘဒ္ဒန္တ ကုန္ဒာစရိယသည် တေရသမမြောက် တိပိဋက ကောဝိဒ သာသနာ့အာဇာနည်အဖြစ် ပေါ်ထွန်းအောင်မြင်လာခြင်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အနေဖြင့် ပရိယတ္တိသာသနာတော်ကြီး တိုးတက်စည်ပင်ပြန့်ပွားလာခြင်းသာဖြစ်သည်ဟု နှလုံးသွင်းတော်မူကြကာ များစွာနှစ်ထောင်းအားရ ပီတိသောမနဿဖြစ်မိပါကြောင်း မိန့်ကြားပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရ အရှင်မြတ်နှင့်တကွ တိပိဋကဓရစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်တို့ဘုရား။

သဗ္ဗညုဘုရားရှင် သာသနာတော် အရှည်တည်တံ့ပြန့်ပွားရေးသည်-

“သာသနဋ္ဌိတိယာ ပန ပရိယတ္တိယေဝ ပမာဏံ၊ ပရိယတ္တိယာ ဌိတာယ
သာသနံဋ္ဌိတံ ဟောတိ”ဟု သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌လည်းကောင်း၊

“သာသနဋ္ဌိတိယာ ပန ပရိယတ္တိ ပမာဏံ၊ ပဏ္ဍိတော ဟိ တေပိဋကံ သုတွာဒွေပိ ပူရေတိ၊ (ပ) တသ္မာ ပရိယတ္တိယာ ဌိတာယ သာသနံဋ္ဌိတံ ဟောတိ”ဟု ပါထိကဝဂ္ဂအဋ္ဌကထာ၌လည်းကောင်း၊ စာပေကျမ်းဂန်သင်ယူလေ့လာခြင်း ပရိယတ္တိသည်သာလျှင် လိုရင်းပမာဏဖြစ်၏၊ ပရိယတ္တိတည်မှသာလျှင် သာသနာတည်နိုင်၏၊ ပညာရှိသူသည် ပိဋက သုံးပုံဟူသော ပရိယတ္တိကို နာကြားသင်ယူပြီး ပဋိပတ္တိနှင့် ပဋိဝေဓနှစ်ပါးတို့ကိုလည်း ဖြည့်ကျင့်နိုင်၏၊ ထို့ကြောင့် ပရိယတ္တိတည်လျှင် သာသနာတည်၏ဟု မိန့်ဆိုထားပါသည်။

သဗ္ဗညုဘုရားရှင်ကလည်း အင်္ဂုတ္တိုရ်ပါဠိတော် ပဌမသဒ္ဓမ္မ သမ္မောသသုတ်၌-

“ပဉ္စိမေ ဘိက္ခဝေ ဓမ္မာသဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ
သံဝတ္တန္တိ ကတမေ ပဉ္စ-က္ကဓ ဘိက္ခဝေ ဘိက္ခူသက္ကစ္စံ ဓမ္မံ သုဏန္တိ၊ သက္ကစ္စံ ဓမ္မံ
ပရိယာပုဏန္တိ၊ သက္ကစ္စံ ဓမ္မံဓာရေန္တိ၊ သက္ကစ္စံ ဓာတာနံ ဓမ္မာနံ အတ္ထံ ဥပပရိက္ခန္တိ၊
သက္ကစ္စံ အတ္ထမညာယ ဓမ္မမညာယ ဓမ္မာနုဓမ္မံ ပဋိပ္ပဇ္ဇန္တိ၊ က္ကမေ ခေါ ဘိက္ခဝေ
ပဉ္စ ဓမ္မာသဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ အနန္တရဓာနာယ သံဝတ္တန္တိ”

ရဟန်းတို့- ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရားတည်းဟူသော သာသနာတော်တည်တံ့ရန်၊ မပျောက်ပျက်ရန်၊ မကွယ်ပျောက်ရန်ဖြစ်ကုန်၏။ အဘယ်ငါးမျိုးတို့နည်းဟူမူ-

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းတို့သည်-

- ပရိယတ်တရားတော်ကို ရိုသေစွာနာကြားကုန်၏၊
- ပရိယတ်တရားတော်ကို ရိုသေစွာသင်ယူကုန်၏၊
- ပရိယတ်တရားတော်ကို ရိုသေစွာဆောင်ထားကုန်၏၊
- ဆောင်ထားအပ်သော ပရိယတ်တရားတော်တို့၏ အနက်အဓိပ္ပာယ်ကို ရိုသေစွာဉာဏ်ဖြင့် စူးစမ်းဆင်ခြင်ကုန်၏။
- အနက်အဓိပ္ပာယ်ကိုသိ၍၊ တရားသဘောကိုသိ၍ လောကုတ္တရာတရားအား လျော်သောအကျင့်ကို ကျင့်ကုန်၏။

ရဟန်းတို့ ဤတရားငါးမျိုးတို့သည် သူတော်ကောင်းတရားတည်းဟူသော သာသနာတော်တည်တံ့ရန်၊ မပျောက်ပျက်ရန်၊ မကွယ်ပျောက်ရန်ဖြစ်ကုန်၏ဟု ဟောကြားတော်မူခဲ့ပါသည်။

ထို့ကြောင့် တိပိဋကဓရစာမေးပွဲတွင် အောင်မြင်တော်မူကြသည့် စာအောင်အရှင်မြတ်တို့သည် “ငါတို့သည် သဗ္ဗညုဘုရားရှင်၏ သာသနာတော်မြတ်ကြီးကို အရှည်တည်တံ့အောင်၊ မကွယ်ပျောက်အောင် ဓမ္မာနုဂ္ဂဟဖြင့် သာသနာပြုနေကြသော သာသနာ့အာဇာနည်ပုဂ္ဂိုလ်များဖြစ်ကြသည်”ဟု နှလုံးသွင်းဆင်ခြင်လျက် နှစ်သက်ရွှင်လန်းဝမ်းမြောက်စွာဖြင့် ဆက်လက်၍ ကြိုးစားအားထုတ်ပါဟု တိုက်တွန်းလိုက်ပါသည်။

တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရ အရှင်မြတ်နှင့်တကွ တိပိဋကစာအောင် သာသနာ့အာဇာနည်အရှင်မြတ်တို့ဘုရား-

အရှင်မြတ်တို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သား ဒါယကာ ဒါယိကာမအပေါင်းတို့က ကြီးကျယ်ခမ်းနားစည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုချီးကျူးပူဇော်ပွဲကျင်းပခြင်းသည်-

အထခေါ ဂရဟိတဗ္ဗံ ဂရဟတိဧဝ၊ ပသံသိတဗ္ဗဥ္စ ပသံသတိဧဝ ဘဂဝါ ဟူသော ကျမ်းဂန်နှင့်အညီ ချီးကျူးထိုက်သူကို ချီးကျူးပူဇော်ခြင်းသာဖြစ်သဖြင့် ဘုရားရှင်၏ အလိုတော်ကျ ချီးကျူးပူဇော်ကြခြင်းဖြစ်ပါသည်။ အထူးအားဖြင့် အရှင်မြတ်တို့သည် တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရ သာသနာ့အာဇာနည်အရှင်မြတ်တို့ ဖြစ်ကြသဖြင့်-

ဗဟုဿုတံ ဓမ္မဓရံ၊ သပ္ပညံ ဗုဒ္ဓသာဝကံ။
နေက္ခံ ဇမ္ဗောနဒဿေဝ၊ ကောတံ နိန္ဒိတု မရဟတိ။
ဒေဝါပိနံ ပသံသန္တိ၊ ဗြဟ္မုနာပိ ပသံသိတော။

တစ်နိက္ခရှိသော ဇမ္ဗူရာဇ်ရွှေကဲ့သို့ အကြားအမြင်များသော၊ တရားကိုဆောင်သော၊ ကောင်းသောပညာရှိသော ထိုမြတ်စွာဘုရား၏ တပည့်သာဝကကို အဘယ်သူသည် ကဲ့ရဲ့ထိုက်ပါအံ့နည်း၊ ထိုတပည့်သာဝကကို နတ်တို့လည်း ချီးမွမ်းကုန်၏၊ ဗြဟ္မာတို့လည်း ချီးမွမ်းကြ၏-ဟူသော အင်္ဂုတ္တရနိကာယ်၊ စတုက္ကနိပါတ်၊ အပ္ပဿုတသုတ် ဒေသနာတော်နှင့်အညီ လူပုဂ္ဂိုလ်တို့ကသာလျှင် ချီးကျူးပူဇော်ထိုက်သူများမဟုတ်ဘဲ နတ်ဗြဟ္မာတို့ကလည်း ချီးကျူးပူဇော်ထိုက်သော ပုဂ္ဂလဝိသေသ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ဖြစ်ကြပေသည်ဟု နှလုံးသွင်းဆင်ခြင်ကာ ဂုဏ်ယူဝမ်းမြောက်သင့်ကြပါသည်။

ဤကဲ့သို့ လူနတ်ဗြဟ္မာအပေါင်းတို့က ချီးကျူးပူဇော်ထိုက်သော တိပိဋကဓရ တိပိဋကကောဝိဒဘွဲ့ရ အရှင်မြတ်နှင့်တကွ တိပိဋကစာအောင် သာသနာ့အာဇာနည် အရှင်မြတ်တို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သား ဒါယကာ ဒါယိကာမအပေါင်းသူတော်ကောင်းတို့က အာမိသာနုဂ္ဂဟဖြင့် စုပေါင်းညီညာ ချီးမြှောက်ပူဇော်ကြသည်ကို တွေ့ရသဖြင့် ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီးသည် အရှည်တည်တံ့၍ စည်ပင်ပြန့်ပွားတိုးတက်နေမည်သာ ဖြစ်ပေသည်။ ထို့ကြောင့်-

သာဂါရာ အနဂါရာစ၊ ဥဘော အညောညနိဿိတာ။
အာရာဓယန္တိ သဒ္ဓမ္မံ၊ ယောဂက္ခေမ မနုတ္တရံ။(ဣတိဝုတ်-၂၇၀)

သာဂါရာစ၊ နိုင်ငံတော်အစိုးရအမှူးရှိသော ပြည်သူပြည်သား ဒါယကာ ဒါယိကာမအပေါင်းတို့သည်လည်းကောင်း။ အနဂါရာစ၊ အိမ်ရာမထောင် ရဟန်းဘောင်၌ ခေါင်းဆောင်ရှေ့သွား တိပိဋကစာအောင်အရှင်မြတ်တို့သည်လည်းကောင်း။ ဥဘော၊ လူထုထိပ်ခေါင် ခေါင်းဆောင်ရှေ့သွား ဆရာဒကာနှစ်ဦးသားတို့သည်။ အညောည နိဿိတာ၊ ကျွန်းကိုကိုင်းမှီ ကိုင်းကျွန်းမှီသို့ ပမာမယွင်း အချင်းချင်းလျှင် မှီတင်းယှက်နွှဲမြဲထက်မြဲအောင် လက်တွဲကြကုန်လျက်။ ယောဂက္ခေမံ၊ ယောဂလေးတန် ကုန်ရာမှန်သော။ အနုတ္တရံ၊ အတုမရှိ မြတ်ခေါင်ထိသော။ သဒ္ဓမ္မံ၊ ပရိယတ္တိ ပဋိပတ္တိ ပဋိဝေဓ အမည်ရသည့် သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို၊ အာရာဓယန္တိ၊ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်အောင် မလင့်ပုံသေ ပြီးစီးနိုင်ကြပါစေကုန်သတည်းဟု အာသီသပတ္ထနာ မေတ္တာ ပုဗ္ဗင်္ဂပြု၍ သမ္မောဒနီယ သာရဏီယသြဝါဒကထာကို နိဂုံးချုပ်လိုက်ပါသည် တိပိဋကစာအောင် သာသနာ့အာဇာနည်အရှင်မြတ်တို့နှင့် နိုင်ငံတော်အစိုးရအပါအဝင် ဒကာ ဒကာမအပေါင်း သူတော်ကောင်းတို့။

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၉ - ၅ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
မြန်မာ(ကျပ်)	၈၃၅. ၀၀၀	၀. ၀၀၁၂၀
ထိုင်း (ဘတ်)	၃၁. ၃၀၀၀	၀. ၀၃၁၉၅
တရုတ် (ယွမ်)	၆. ၃၂၅၉၀	၀. ၁၅၈၀၈
အိန္ဒိယ (ရူပီး)	၅၄. ၄၂၀၀	၀. ၀၁၈၃၈
မလေးရှား (ရင်းဂစ်)	၃. ၁၃၆၀၀	၀. ၃၁၈၈၈
စင်ကာပူ (ဒေါ်လာ)	၁. ၂၇၅၂၀	၀. ၇၈၄၁၉
ဂျပန် (ယန်း)	၇၉. ၀၂၀၀	၀. ၀၁၂၆၆
တောင်ကိုရီးယား(ဝမ်)	၁၁၆၉. ၃၀	၀. ၀၀၀၈၆
ယူရို	၀. ၇၈၂၃၀	၁. ၂၇၈၂၈
ဗြိတိသျှ (ပေါင်)	၀. ၆၃၂၁၇	၁. ၅၈၁၈၅

အင်တာနက်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၀-၅-၂၀၁၂ (တနင်္ဂနွေနေ့)

၇း၀၅	တရားတော်
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၁၁း၃၀	ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၅၈)
၁၂း၀၀	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -မေတ္တာလွှမ်းသောဟင်းတစ်ခွက်
၁း၀၀	ကျန်းမာသုတ
၁း၂၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရှင်သန်နေသရွေ့ (အပိုင်း-၂၇)
၄း၁၅	ဇာတ်လမ်းတို
၅း၂၀	ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၃၀	ဘဝကြေးမုံ
၆း၅၀	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထောင်စုနှစ်သမီးပျို (အပိုင်း-၁၉)**
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း ယနေ့ရန်ကုန်မြင်ကွင်းစုံ ပဟေဠိနန်းတော်
	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ် (အပိုင်း-၂၅)(ဇာတ်သိမ်း)
	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အရှက်ဦးရဲ့လင်းသံစဉ် (အပိုင်း-၂၉)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

မြန်မာတို့၏ အစဉ်အလာကောင်းများကို သမိုင်းပညာဖြင့် ဖော်ထုတ်ထိန်းသိမ်း သမိုင်းသုတေသီများကို သမိုင်းသုတေသန နည်းနိဿယများ သင်ကြားလေ့ကျင့်ပေးနိုင်အောင် ဆောင်ရွက်

တွေ့ဆုံမှာကြား

မြန်မာသမိုင်းအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာသမိုင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၉

မြန်မာသမိုင်းအဖွဲ့ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မြန်မာသမိုင်းအဖွဲ့ဝင်များအား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာသမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးလှ၊ အတွင်းရေးမှူး ဒေါက်တာကျော်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်အုန်းကြည်၊ ဦးကျော်၊ ဦးကျော်ငြိမ်း၊ ဒေါက်တာချစ်စံဝင်း၊ ဒေါက်တာခင်မောင်ညွန့်၊ ဦးသက်ထွန်းနှင့် ဒေါက်တာသော်ကောင်းတို့ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ သမိုင်းပြုစုရေးနှင့်ပတ်သက်၍ မြန်မာသမိုင်းအဖွဲ့၊ သမိုင်းသုတေသနဦးစီးဌာန၊ အမျိုးသားမော်ကွန်းတိုက်၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များမှ သမိုင်းဌာနများ၊ ပြင်ပသမိုင်းသုတေသီများပူးပေါင်း၍ ပြည့်စုံခေတ်မီ၍ သိပ္ပံနည်းကျသော သမိုင်းအဖြစ် ရေးသားပြုစုနိုင်အောင် ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံသမိုင်းကို တစ်ဆက်တစ်စပ်တည်းသော ပြည့်စုံသည့် သမိုင်းအဖြစ် ပြီးစီးအောင်ရေးသားပြုစုရေး၊ ထိုသို့ ရေးသားပြုစုရာတွင် ပြည်တွင်းပြည်ပမှ အထောက်အထားများ၊ အချက်အလက်များ စုဆောင်းရှာဖွေစိစစ်၍ ရေးသားနိုင်ရေး၊ သမိုင်းမှ မြန်မာတို့၏ အစဉ်အလာကောင်းများကို သမိုင်းပညာဖြင့် ဖော်ထုတ်ထိန်းသိမ်းကာ လူမှုပြဿနာများ ဖြေရှင်းရာတွင် စံများသင်ခန်းစာများချမှတ်ပေးနိုင်ရန် ဆောင်ရွက်ရေး၊ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားမှုများ၊ ယဉ်ကျေးမှုအမွေအနှစ် မြင့်မားမှုများကို သမိုင်းဖြင့် ဖော်ထုတ်၍ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းရာတွင် အထောက်အကူပြုနိုင်ရန် ဆောင်ရွက်ရေး၊ မျိုးဆက်သစ်သမိုင်းပညာရှင်များ ပေါ်ထွက်လာရေးအတွက် လေ့ကျင့်ပျိုးထောင်ရေး၊ သမိုင်းသုတေသီများကို သမိုင်းသုတေသနနည်းနိဿယများ သင်ကြားလေ့ကျင့်ပေးနိုင်အောင် ဆောင်ရွက်ရေး၊ Historical Association ကဲ့သို့သော သမိုင်းဆိုင်ရာ NGO အဖွဲ့အစည်းများ ပေါ်ပေါက်လာရေးနှင့် ယင်းအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်အောင် ဆောင်ရွက်ရေး၊ မြန်မာ့သမိုင်းပြုစုရေးနှင့် သုတေသနလုပ်ငန်းများတွင် UNESCO, UNDP အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နိုင်အောင် ဆက်သွယ်ဆောင်ရွက်ရေး စသည့် အချက်များအား အကျယ်တဝင့်ဆွေးနွေးပြီး သမိုင်းပညာရှင်များ၏ သဘောထားများ၊ ပြန်လည်ဆွေးနွေးချက်များအား ပေါင်းစပ်ညှိနှိုင်းကာ သမိုင်းသုတေသနဦးစီးဌာန၏ ရှေ့လုပ်ငန်းစဉ်များအဖြစ် ဖြည့်စွက်ထည့်သွင်း သတ်မှတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖြင့် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဒေါက်တာခင်မောင်ညွန့်၊ဒေါက်တာသော်ကောင်း၊ဦးသက်ထွန်း၊ ဒေါက်တာတိုးလှ၊ ဒေါက်တာကျော်ဝင်း၊ ဒေါ်အုန်းကြည်၊ ဒေါက်တာချစ်စံဝင်းနှင့် ဦးကျော်တို့က ပြန်လည်ဆွေးနွေးကြပြီး တွေ့ဆုံပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာ အနုပညာ ရပ်ဝန်း

ပါ့ခ်ဆီဟို၏ The Princess Man အရောင်းမြှင့်တင်ရေးပြုလုပ်မည်

ကိုရီးယားမင်းသားပါ့ခ်ဆီဟိုသည် ၎င်း၏ The Princess Man အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲ အရောင်းမြှင့်တင်ရေး ပြုလုပ်ရန် ဂျပန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။

ပါ့ခ်ဆီဟိုသည် ယခုနှစ်မတ်လအတွင်းက ဂျပန်နိုင်ငံရှိ အိုဆာကာ၊ နာဂိုရာနှင့် တိုကျိုမြို့များသို့ သွားရောက်၍ ပရိသတ်များနှင့် တွေ့ဆုံခဲ့ပြီး ယခုတစ်ဖန် The Princess Man ရုပ်သံဇာတ်လမ်းတွဲ အရောင်းမြှင့်တင်ရေးပြုလုပ်ရန် ဇွန်လအတွင်း ဂျပန်နိုင်ငံသို့ ထပ်မံသွားရောက်မည်ဖြစ်ကြောင်းသတင်းတွင် ဆက်လက်ဖော်ပြသည်။

ပါ့ခ်ဆီဟိုသည် အဆိုပါခရီးစဉ်အတွင်း ဂျပန်သတင်းမီဒီယာများနှင့် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ပါ့ခ်ဆီဟိုသည် ၂၀၀၅ ခုနှစ်မှစ၍ Delightful Girl Choon Hyang ရုပ်သံဇာတ်လမ်းတွဲဖြင့် အနုပညာလောကသို့ ရောက်ရှိခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် Princess Prosecutor ဇာတ်လမ်းတွဲနှင့် Queen of Reversals ရုပ်သံဇာတ်လမ်းတွဲများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည်။

ထို့ပြင် ပါ့ခ်ဆီဟိုသည် I'm a Murderer အမည်ရှိ ရုပ်ရှင်ဇာတ်ကားတွင်လည်း ပါဝင်သရုပ်ဆောင်ထားပြီး ယခုအခါ ယင်းဇာတ်ကားကို ရုံတင်ပြသရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

အင်တာနက်။

Spider-Man ကိုရီးယားသွားမည်

နာမည်ကျော် လူကြိုက်များခဲ့သည့် Spider-Man (ပင့်ကူလူသား) ဇာတ်ကား၏နောက်ဆက်တွဲ ဇာတ်ကားတစ်ကားဖြစ်သည့် The Amazing Spider-Man ဇာတ်ကားကို လာမည့်လတွင် ကိုရီးယားသို့ သွားရောက်၍ အရောင်းမြှင့်တင်ရေး ပြုလုပ်သွားမည်ဖြစ်ကြောင်း ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီက ထုတ်ပြန်ကြေညာသည်။

ဆိုနီရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီက ထုတ်ပြန်ကြေညာရာတွင် The Amazing Spider-Man ဇာတ်ကား အရောင်းမြှင့်တင်ရေး ပြုလုပ်ရန်အတွက် ယင်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် မင်းသား အန်ဒရူးဂါဖီးလ်၊ မင်းသမီး အမ်မာစတုန်းနှင့် ဒါရိုက်တာမားဝက်ဘ်တို့သည် ဇွန် ၁၄ ရက်တွင် ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဟု ဆိုသည်။

ယခုနောက်ဆုံးထွက်ရှိလာမည့် Spider-Man ဇာတ်ကားသစ်ကို ဇူလိုင် ၃ ရက်တွင် ရုံတင်ပြသရန်စီစဉ်ထားပြီး ဖြစ်သည်။

ယခုနှစ်အတွင်း ကိုရီးယားနိုင်ငံသို့ ဟောလိဝုဒ် ရုပ်ရှင်ဇာတ်ကားများနှင့် ဟောလိဝုဒ်ရုပ်ရှင်လောကမှ ထိပ်တန်းသရုပ်ဆောင်များက ၎င်းတို့၏ဇာတ်ကားများကို လာရောက်၍ အရောင်းမြှင့်တင်မှုပြုလုပ်လျက်ရှိရာ Battleship ဇာတ်ကားမှသရုပ်ဆောင်များဖြစ်သည့် တေလာကစ်ရှ်ဘရွတ်ကလင်းဒက်ကာနှင့် Men in Black III ဇာတ်ကားမှမင်းသားများဖြစ်သည့် ဝီလ်စမစ်နှင့် ဂျို့ဘရိုလင်တို့

သည်လည်း ကိုရီးယားနိုင်ငံသို့ လာရောက်ခဲ့ကြသည်။

အင်တာနက်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၀-၅-၂၀၁၂ (တနင်္ဂနွေနေ့)

[၁၃၇၄ ခုနှစ်၊ ကဆုန်လကွယ်နေ့ ဥပုသ်နေ့]

၇း၀၀ ပရိတ်တရားတော်
၁၁း၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ “မေတ္တာစွမ်းအား”အပိုင်း-(၆)
၁း၀၀ မြန်မာရုပ်ရှင်“မသုဓမ္မစာရီ” (ကျော်ရဲအောင်၊ ဇော်လင်း၊ မိုမို့မြင့်အောင်၊ မြင့်မြင့်ခိုင်) (ဒါရိုက်တာ-ကြည်စိုးထွန်း)
၄း၃၅ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (သချ်ာအထူးပြု) (သချ်ာ)
၆း၂၀ ကာတွန်းအစီအစဉ် “ရေငုပ်သမားလေးအိုလီ” (အပိုင်း-၄၀)
၆း၄၀ တစ်မျက်နှာ၊ တစ်ကွက်စာ “ဆုတောင်း” (မိုးထက်ပိုင်၊ ခိုင်နှင်းဝေ) [ဒါရိုက်တာ-မေတင် (MMG)]
၇း၀၀ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်ချိုချိုကြင်နာပို” (အပိုင်း-၃၈) (ဇာတ်သိမ်းပိုင်း)**
-ကာတွန်းအစီအစဉ် “ဒိုင်နိုဆောကမ္ဘာ” (ပထမဆုံးအမည်ပေးခံရတဲ့ ဒိုင်နိုဆော)
-နိုင်ငံခြားဇာတ်လမ်းတွဲ “မေတ္တာသစ္စာ” (အပိုင်း-၆)
-ရင်ခုန်လက်ကမ်း တေးသစ်လမ်း

အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့ချုပ် (IMO) ၏ အရည်အသွေး နာမည်ကောင်း နိုင်ငံများစာရင်း (White List) တွင် မြန်မာနိုင်ငံ ဖော်ပြပါရှိနေစေရေး ဆောင်ရွက်နေ

နေပြည်တော် မေ ၁၉

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် မှတ်ပုံတင်ထားသည့် မြန်မာပင်လယ်ကူးသင်္ဘောသားများ၏ အရည်အသွေးကို အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (IMO) ၏ Convention ပါ စံနှုန်းသတ်မှတ်ချက်များနှင့်အညီ ရှိနေစေရေးအတွက် မြန်မာနိုင်ငံ၏ တာဝန်ခံအဖြစ် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ၏ Agency တစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ် (International Maritime Organization-IMO) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး International Convention on Standards of Training, Certification and Watchkeeping for Seafarers (STCW) Convention, 1978 as Amended အား သဘောတူလက်မှတ်ရေးထိုးထားသော နိုင်ငံလည်းဖြစ်သည်။

(STCW) Convention သည် အပြည်ပြည်ဆိုင်ရာ ပင်လယ်ကူးသင်္ဘောသားများ ပြည့်မီရမည့် အရည်အသွေးစံနှုန်းများကို ပြဋ္ဌာန်းသတ်မှတ်ထားသော Convention ဖြစ်ပြီး IMO ၏ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဆိုပါ Conventionပါ စံသတ်မှတ်ချက်များ၏ အနည်းဆုံးလိုအပ်ချက်ကို ပြည့်မီသည့် အရည်အသွေးရှိကြောင်း အစီရင်ခံစာကို သီးခြားလွတ်လပ်သော စစ်ဆေးရေးအဖွဲ့ (Independent Evaluation Team) ဖြင့်စစ်ဆေး၍ ငါးနှစ်လျှင်တစ်ကြိမ် သတ်မှတ်ထားသည့် နှစ်များတွင် IMO သို့ပေးပို့ရန် တာဝန်ရှိသည်။ IMO သည် အဖွဲ့ဝင်နိုင်ငံများမှ ပေးပို့လာသည့် Independent Evaluation Report ကို ရေကြောင်းဘက်ဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့ (Panel of Experts) ဖြင့် စိစစ်မှုများဆောင်ရွက်၍ အစီရင်ခံစာ၏ အကဲဖြတ်ချက်အပေါ် မူတည်၍ အရည်အသွေးနာမည်ကောင်းရှိသည့် နိုင်ငံများစာရင်း (White List) တွင် ထည့်သွင်းဖော်ပြခြင်းကို ဆောင်ရွက်သည်။

White List စာရင်းတွင် ထည့်သွင်းဖော်ပြခြင်းကို IMO ၏ ပြက္ခဒိန်နှစ်တစ်နှစ်လျှင်နှစ်ကြိမ် ကျင်းပလေ့ရှိသည့် ရေကြောင်းဘက်ဆိုင်ရာ အန္တရာယ်ကင်းရှင်းရေးကော်မတီ Maritime Safety Committee (MSC) ၏ အနီးဆုံးအစည်းအဝေးတွင် အတည်ပြုခြင်း ဆောင်ရွက်သည်။ IMO သည် ၂၀၁၂ ခုနှစ်အတွင်း MSC ၏ (၉၀)ကြိမ်မြောက် အစည်းအဝေးအား ၁၆-၅-၂၀၁၂ မှ ၂၅-၅-၂၀၁၂အထိ လည်းကောင်း၊ (၉၁)ကြိမ်မြောက် အစည်းအဝေးအား ၂၆-၁၁-၂၀၁၂ မှ ၃၀-၁၁-၂၀၁၂ အထိ လည်းကောင်း နှစ်ကြိမ်ကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် အဆိုပါ Independent Evaluation Report ကို IMO သို့ ၂၀၀၂ ခုနှစ်နှင့်၂၀၀၇ခုနှစ်များတွင် ပေးပို့တင်သွင်းခဲ့ပြီ White List တွင် ဖော်ပြပါရှိခဲ့ပြီးဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံအနေဖြင့် အဆိုပါWhite List တွင် ဆက်လက်ဖော်ပြပါရှိနေစေရေး အတွက် Independent Evaluation Report ကို IMO သို့ ၂၀၁၂ခုနှစ်အတွင်း ပေးပို့တင်သွင်းသွားမည်ဖြစ်သည်။ ၂၀၁၀ ခုနှစ် ဇွန်လတွင် IMOသည် (STCW) Convention ကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ညီလာခံတွင် လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပြီး အဆိုပါ ပြင်ဆင်ပြဋ္ဌာန်းချက်များသည် ၁-၁-၂၀၁၂ ရက်နေ့တွင် အကျိုးသက်ရောက်မှု စတင်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၇ ခုနှစ် တွင် IMO ၏ White List တွင် ဖော်ပြပါရှိခဲ့ပြီးနောက်ပိုင်း ၂၀၁၁ ခုနှစ် မေလအတွင်း၌ (STCW) Convention ပါ သတ်မှတ်စံနှုန်းများနှင့်အညီ ရှိရမည့် ရေကြောင်းဘက်ဆိုင်ရာ လေ့ကျင့်သင်ကြားခြင်း၊ အကဲဖြတ်စစ်ဆေးခြင်းနှင့် ကျွမ်းကျင်မှုလက်မှတ် ထုတ်ပေးခြင်း ဆိုင်ရာကိစ္စရပ်များကို European Maritime Safety Ageney (EMSA) ၏ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံမဟုတ်သည့် နိုင်ငံများအား စစ်ဆေးသည့် အစီအစဉ်အရ စစ်ဆေးမှုကို ခံယူခဲ့သည်။ ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် EMSA စစ်ဆေးရေးအဖွဲ့သည် မြန်မာနိုင်ငံ၌ လက်ရှိကျင့်သုံးဆောင်ရွက်မှုများနှင့် ပတ်သက်၍ အားနည်းချက်များကို ထောက်ပြသွားခဲ့ရာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် (STCW) Convention ပြင်ဆင် ပြဋ္ဌာန်းချက်များနှင့်အညီ ပြောင်းလဲကျင့်သုံးသွားရန် လိုအပ်ချက်များအရ လည်းကောင်း၊ EMSA ထောက်ပြသွားသည့် အားနည်းချက်များအား ပြုပြင်ဆောင်ရွက်နိုင်ရန်အတွက် လည်းကောင်း၊ ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပြင်ဆင်ပြောင်းလဲ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ပြင်ဆင်ပြောင်းလဲထားသည့် စနစ်သစ်အစီအစဉ်အရ ကျင့်သုံးဆောင်ရွက်သွားမည့် ရေကြောင်းဘက်ဆိုင်ရာ လေ့ကျင့်သင်ကြားခြင်း၊အကဲဖြတ်စစ်ဆေးခြင်းနှင့် ကျွမ်းကျင်မှုလက်မှတ်များ ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်မှုသည် အပြီးသတ်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ ထိုကာလအတွင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသည် EMSA စစ်ဆေးရေးအဖွဲ့က ထောက်ပြသွားသည့် အားနည်းချက်များအပေါ် ပြုပြင်ဆောင်ရွက်ထားမှုနှင့် ပြောင်းလဲပြင်ဆင်ထားသည့် စနစ်သစ်တို့အပေါ် ကြိုတင်စစ်ဆေးခြင်းကိုလည်း ၂၀၁၂ ခုနှစ် မတ်လအတွင်းဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ စစ်ဆေးတွေ့ရှိရသည့် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ခြင်းကို အချိန်မီပြီးစီးနိုင်ရေးအတွက် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်တို့ရှိ တာဝန်ပေးအပ်ထားသည့် အဖွဲ့အသီးသီးက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ၂၀၁၂ ခုနှစ်အတွင်း မြန်မာနိုင်ငံက IMO သို့ တင်သွင်းရန်ရှိသည့် Independent Evaluation Reportအတွက် မြန်မာနိုင်ငံ၏ရေကြောင်းဘက်ဆိုင်ရာ လေ့ကျင့်သင်ကြားခြင်း၊ အကဲဖြတ်ခြင်းနှင့် ကျွမ်းကျင်မှုလက်မှတ်ထုတ်ပေးခြင်း ဆိုင်ရာကိစ္စများ၏ အရည်အသွေးကို စစ်ဆေးအကဲဖြတ်မည့် အဖွဲ့သည် လာမည့်ဇူလိုင်လအတွင်း မြန်မာနိုင်ငံသို့လာရောက်၍ စစ်ဆေးအကဲဖြတ်ကြမည်ဖြစ်ပြီး အဆိုပါအဖွဲ့၏ အစီရင်ခံစာကို IMO သို့ ပေးပို့တင်သွင်း၍ White List တွင် မြန်မာနိုင်ငံ ဆက်လက်ဖော်ပြပါရှိနိုင်စေရန် ၂၀၁၂ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် (၉၁)ကြိမ်မြောက် MSC အစည်းအဝေးတွင် အတည်ပြုနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆီနီဂေါတွင် ဒဗလျူအက်ဖ်ပီက နွမ်းပါးသူများကို ငွေပေးဘောက်ချာများ ပေးဝေ

ဒါကာ မေ ၁၉

ဆီနီဂေါနိုင်ငံတွင် ကောက်ပဲသီးနှံထွက်ရှိမှုလျော့နည်းပြီး စားသောက်ကုန်ဈေးနှုန်းကြီးမြင့်သည့်အတွက် ဇီဂွင်ခါဒေသတွင် ဆင်းရဲသူများ စားဖွယ်ရာဝယ်ယူရန်အလို့ငှာ ငွေပေးဘောက်ချာများကို ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)က စတင်ဖြန့်ဖြူးလျက်ရှိကြောင်း အေအက်ဖ်ပီသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

ဗစ်နိုနာမြို့မှ မြို့သူမြို့သားများကို မေ ၁၈ ရက်နေ့၌ ပထမဆုံးဘောက်ချာများ ပေးဝေခဲ့သည်။

အဆိုပါ ဖြန့်ဝေခြင်းသည် ဆီနီဂေါနိုင်ငံအတွင်း စားနပ်ရိက္ခာ ရှားပါးမှုဒဏ်ခံရသော ပြည်သူများကို ဒဗလျူအက်ဖ်ပီ၏ အကူအညီပေးရေးအစီအစဉ်မှ တစ်စိတ်တစ်ပိုင်း ဖြစ်သည်။

လူဦးရေ ၁၄၅၀၀၀ ရှိသော ဆီနီဂေါပြည်သူများကို အကူအညီပေးရန်ဖြစ်ကြောင်း၊ ၎င်းတို့သည် စားသောက်ကုန်များ ရောင်းချသည့်ဈေးများနှင့် နီးသော်လည်း ဝယ်ယူစားသုံးခြင်း မပြုနိုင်သော ကျေးလက်နှင့်မြို့ပြမှ ဖြစ်ကြကြောင်း၊ ဆီနီဂေါနိုင်ငံ ဒဗလျူအက်ဖ်ပီ ညွှန်ကြားရေးမှူး အင်ဂီဘတ်မာရီယာ ဘာရီဝါက ပြောသည်။

ငွေပေးဘောက်ချာကို လာမည့် သီတင်းပတ်များအတွင်း ဇီဂွင်ခါ၊ တန်ဘာကောင်ဒါနှင့် မာတန်ဒေသများတွင် ဆက်လက်ဝေငှသွားမည်ဖြစ်ကြောင်း ဘာရီဝါက ဆက်လက်ပြောကြားခဲ့သည်။ **အင်တာနက်။**

ဆီနီဂေါအမျိုးသမီးတစ်ဦး ယာခင်းထဲတွင် မြေပဲတောင့်များ ကောက်နေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဧဝရက်တောင်တက်နိုင်သူ ကမ္ဘာ့အသက်အကြီးဆုံးအမျိုးသမီး ဂျပန်နိုင်ငံသူဖြစ်လာ



တာမေ့ဝါတာနာဘီနှင့် ဓာတ်ပုံဆရာ နိုရီယူကီမူရာဂူချီ။ *(ဓာတ်ပုံ-အင်တာနက်)*

ခတ္တမန္ဒူ မေ ၁၉

အသက် (၇၃)နှစ်အရွယ်သို့ ရောက်နေပြီဖြစ်သော ဂျပန်အမျိုးသမီး တောင်တက်သမားတစ်ဦးသည် စနေနေ့တွင် ဧဝရက်တောင်ထိပ်သို့ အောင်မြင်စွာတက်နိုင်၍ လွန်ခဲ့သည့် ၁၀ နှစ်က သူမတင်ထားသောစံချိန်ကိုချိုးကာ ဧဝရက်တောင်တက်နိုင်သည့် ကမ္ဘာ့အသက်အကြီးဆုံးအမျိုးသမီး ဖြစ်လာကြောင်း စီစဉ်သူများက ပြောသည်။

တာမေ့ဝါတာနာဘီသည် ဧပြီလ စောစောပိုင်းတွင် ခတ္တမန္ဒူမြို့မှ ထွက်ခွာပြီး တိဘက်ဘက်မှနေ၍ ဧဝရက်တောင်ကို တက်ခဲ့သည်။ သူမနှင့်အတူ ဂျပန်တောင်တက်သမား ဓာတ်ပုံဆရာ နိုရီယူကီမူရာဂူချီအပါအဝင် အဖွဲ့ဝင်လေးဦး တက်ရောက်ခဲ့သည်။

သူမသည် မေ ၁၉ရက် နံနက် ၇နာရီတွင် တောင်ထိပ်သို့ ရောက်ရှိခဲ့ကြောင်း၊ တောင်၏မြောက်ဘက်မှ တက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ ပြန်လည်ဆင်းလာပြီဖြစ်ကြောင်း ခတ္တမန္ဒူအခြေစိုက် အာရှတောင်တက်ခရီးကြမ်းအဖွဲ့မှ အောင်းတီရှားရင်းရှာပက ပြောသည်။

ဝါတာနာဘီသည် အမြင့် ၈၈၄၈ မီတာ (၂၉၀၂၉ ပေ) ရှိသည့် တောင်ထိပ်အထိတက်ရောက်ခဲ့ပြီး သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့ကာ ဧဝရက်တောင်ကို အောင်မြင်စွာတက်နိုင်သည့် ကမ္ဘာ့အသက်အကြီးဆုံးဘွဲ့ထူးကို ပိုလန်နိုင်ငံသူ အန်နာစီဇာဝင်စကီးထံမှ လွှဲပြောင်းရယူလိုက်ပြီဖြစ်သည်။

နီပေါနိုင်ငံသား မင်ဗဟာဒူးရှာချန်က ဧဝရက်တောင်တက်နိုင်သူ ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသားဖြစ်သည်။ အသက် (၇၆)နှစ်နှင့် ၃၄၀ ရက်အရွယ် ၂၀၀၈ခုနှစ်၌ ဧဝရက်တောင်ထိပ်သို့ တက်နိုင်ခဲ့သည်။ **အင်တာနက်။**

ပြည်တွင်းစစ်ပြီးဆုံးခြင်း နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် သီရိလင်္ကာနိုင်ငံတွင် စစ်ရေးပြအခမ်းအနား ကျင်းပ

ကိုလံဘို မေ ၁၉

၂၆ နှစ်ကြာ ဖြစ်ပွားခဲ့သော ပြည်တွင်းစစ် အဆုံးသတ်ခဲ့သည့် သုံးနှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် ကြီးမားသော စစ်ရေးပြပွဲတစ်ရပ်ကို သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် မေ ၁၉ ရက်က ကျင်းပကြောင်း အင်တာနက်သတင်းများတွင် ဖော်ပြသည်။

တမီလ်ကျားသူပုန်များအား တိုက်ခိုက်ခဲ့သော တပ်ဖွဲ့ဝင်များအား အမှတ်တရ အထိမ်းအမှတ်ကျင်းပသည့် အဆိုပါစစ်ရေးပြပွဲတွင် သီရိလင်္ကာနိုင်ငံသမ္မတ မဟင်ဒါရာဂျာပက်ဆာက မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့သည်။

စစ်ရေးပြပွဲအခမ်းအနားအပြီးတွင် သီရိလင်္ကာအစိုးရက တမီလ်ကျားသူပုန်များအား တိုက်ခိုက်ခဲ့စဉ်က အစိုးရတပ်ဖွဲ့များကို ဦးဆောင်ခဲ့သူ ဆာရာတ်ဖွန်ဆီကာအား ထိန်းသိမ်းထားရာမှ ပြန်လည်လွှတ်ပေးမည်ဟူသော သတင်းများထွက်ပေါ်ခဲ့သည်။

ဗိုလ်ချုပ်ကြီးဟောင်း ဖွန်ဆီကာသည် ၂၀၁၀ ခုနှစ်တွင် ကျင်းပခဲ့သော သီရိလင်္ကာသမ္မတရွေးကောက်ပွဲတွင် လက်ရှိသမ္မတ မဟင်ဒါရာဂျာပက်ဆာနှင့် ယှဉ်ပြိုင်အရွေးခံရာတွင် ရှုံးနိမ့်ခဲ့ပြီးနောက် လာဘ်ပေးလာဘ်ယူမှုများပြုခဲ့သည်ဟူသော စွဲချက်များဖြင့် ထောင်ဒဏ်ကျခံခဲ့ရသည်။ **အင်တာနက်။**

သမ္မတ မဟင်ဒါရာဂျာပက်ဆာ စစ်ရေးပြ စစ်ကြောင်းများအား စစ်ဆေးစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ယာဉ်နှစ်စီးတိုက်မိ ၁၆ ဦးသေဆုံး၊ ၂၄ ဦးဒဏ်ရာရ

နယူးဒေလီ မေ ၁၉

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ်၌ မေ ၁၈ ရက်ညပိုင်းက အဓိကလမ်းမကြီးတွင် ယာဉ်နှစ်စီးတိုက်မှု ဖြစ်ပွားရာ လူ ၁၆ ဦးထက်မနည်း သေဆုံး၍ ၂၄ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့မှ အထက်တန်းအရာရှိတစ်ဦးက မေ ၁၉ ရက်တွင် ပြောကြားသည်။

ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဘာဟာရစ်ရှ်ခရိုင်၌ ဘုရားဖူးခရီးသည်များ စီးနင်းလိုက်ပါလာသော ဘတ်စ်ကားတစ်စီးနှင့် စာရေးကိရိယာများ တင်ဆောင်လာသော ကုန်တင်ကားတစ်စီး ပြင်းထန်စွာတိုက်မိကြကြောင်း ၎င်းကပြောကြားသည်။

ဒေသခံရုပ်မြင်သံကြားက မျက်မြင်သက်သေများ၏ ပြောကြားချက်ကိုကိုးကား ဖော်ပြချက်အရ ထိုင်ခုံ ၅၄ ခုံပါ ခရီးသည်တင်ဘတ်စ်ကားမှာ ကုန်တင်ကားကြီးနှင့် တိုက်မိစဉ် မီးလောင်သွားကြောင်း၊ ကားပေါ်ပါခရီးသည်များမှာ မီးလောင်ဒဏ်ရာကြောင့် မမှတ်မိနိုင်လောက်အောင် ရုပ်ပျက်ဆင်းပျက်ဖြစ်ကုန်ကြကြောင်း၊ ၁၆ ဦးမှာ မီးလောင်ကျွမ်းခံရ၍ သေဆုံးပြီး ၂၄ ဦးမှာ မီးလောင်ဒဏ်ရာများရရှိကြောင်း သိရသည်။

ဖြစ်ပျက်ရသည့်အကြောင်းရင်း အသေးစိတ်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။ **ဆင်ဟွာ။**

အာဖဂန်နစ္စတန် နယ်စပ်အနီးမှ ထောက်ပံ့ရေးယာဉ်များအား တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အာဖဂန်ထောက်ပံ့ရေးလမ်းကြောင်း ပါကစ္စတန်က ပြန်လည်ဖွင့်လှစ်ပေးပြီ

အစ္စလာမ္မာဘတ် မေ ၁၉

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးမြို့ရှိ အမေရိကန်နိုင်ငံသံရုံးအတွက် ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်ထားသည့် ကုန်တင်ယာဉ်လေးစီးအား ယင်းနိုင်ငံတွင်းသို့ ဝင်ရောက်ရန် ပါကစ္စတန်နိုင်ငံက မေ ၁၈ ရက်တွင် ခွင့်ပြုခဲ့ပြီး ခြောက်လကြာ ပိတ်ထားခဲ့သည့် နေတိုးတပ်ဖွဲ့၏ အာဖဂန်ထောက်ပံ့ရေးလမ်းကြောင်းကို ပထမဆုံးအကြိမ် ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဝင်ရောက်သွား

ကုန်တင်ယာဉ်လေးစီးသည် ပါကစ္စတန်နိုင်ငံ တော့ခ်ဟန် နယ်ခြားကို ဖြတ်သန်း၍ အာဖဂန်နစ္စတန်နိုင်ငံတွင်းသို့ မကြာမြင့်မီအတွင်းကပင် ဝင်ရောက်သွားပြီဟု အမည်ဖော်ပြထားခြင်းမရှိသော ပါကစ္စတန်တာဝန်ရှိသူတစ်ဦးက မေ ၁၈ ရက်တွင် ပြောကြားခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင် ဖော်ပြသည်။

၂၀၁၁ ခုနှစ် နိုဝင်ဘာလအတွင်းက ဖြစ်ပွားခဲ့သည့် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နယ်စပ်ရှိ ပါကစ္စတန်တပ်ဖွဲ့ လုံခြုံရေးစခန်းနှစ်ခုအား အမေရိကန်က လေကြောင်းမှတိုက်ခိုက်ခဲ့ပြီး ပါကစ္စတန်တပ်ဖွဲ့ဝင် ၂၄ ဦးသေဆုံးခဲ့ရသည့် ဖြစ်ရပ်အပြီးတွင် ပါကစ္စတန်က ကုန်းတွင်းပိတ်နိုင်ငံ အာဖဂန်နစ္စတန်သို့ နေတိုးအဖွဲ့က ထောက်ပံ့ရေးပစ္စည်းများ တင်ပို့နေသည့် လမ်းကြောင်းကို ပိတ်ထားခဲ့ခြင်းဖြစ်သည်။

ငြင်းဆိုခဲ့

ယင်းဖြစ်ရပ်အတွက် ပါကစ္စတန်နိုင်ငံက အမေရိကန်နိုင်ငံအား ဝန်ချတောင်းပန်ရန် တောင်းဆိုခဲ့သော်လည်း အမေရိကန်က ငြင်းဆိုခဲ့သည်။

ပါကစ္စတန်က နေတိုး၏ထောက်ပံ့ရေးလမ်းကြောင်းကို ပြန်လည်ဖွင့်လှစ်ပေးလိုက်စဉ်အတွင်း ပါကစ္စတန်သမ္မတ အဆစ်ဖ်အယ်လ်ဇာဒါရီသည် နေတိုးအဖွဲ့အတွင်းရေးမှူးချုပ်၏ ဖိတ်ကြားချက်အရ မေ ၂၀ ရက်မှ ၂၁ ရက်ထိ အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့၌ ကျင်းပမည့် နေတိုးအဖွဲ့ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ထွက်ခွာသွားပြီဖြစ်သည်။ ယင်းအစည်းအဝေးတွင် ပါကစ္စတန်သမ္မတက နေတိုးအဖွဲ့ဝင်နိုင်ငံများနှင့် အနာဂတ် ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးမည်ဟု ဆိုသည်။

အင်တာနက်။

တောင်ကိုရီးယားဂြိုဟ်တုကို ဂျပန်နိုင်ငံက အောင်မြင်စွာလွှတ်တင်

တိုကျို မေ ၁၉

နိုင်ငံခြားတိုင်းပြည်လုပ် ဂြိုဟ်တုတစ်လုံးအား ဂျပန်နိုင်ငံက စီးပွားရေးအရလွှတ်တင်မှုကို ပထမဆုံးအကြိမ် အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ကြောင်း မေ ၁၉ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။ အဆိုပါ ဂြိုဟ်တုကို ဂျပန်နိုင်ငံတောင်ပိုင်း တာနီဂါရှီမာကျွန်းရှိ အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ H-2 A အမျိုးအစား ဒုံးယာဉ်ဖြင့် မေ ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၁ နာရီ ၃၉ မိနစ်တွင် လွှတ်တင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ယင်းဒုံးယာဉ်ဖြင့် လွှတ်တင်ခဲ့သော တောင်ကိုရီးယားနိုင်ငံပိုင် ဂြိုဟ်တုသည် ဒုံးယာဉ်လွှတ်တင်ပြီး ၁၆ မိနစ်အကြာတွင် ဒုံးယာဉ်မှခွဲခွာခဲ့ပြီး ယင်းနောက်မှ ဂျပန်ဂြိုဟ်တုသုံးလုံးလည်း လိုက်ပါခဲ့သည်ဟု ဆိုသည်။

ယင်းဂြိုဟ်တုလွှတ်တင်မှု အောင်မြင်ခြင်းသည် ဂျပန်နိုင်ငံအနေဖြင့် စီးပွားဖြစ်ဂြိုဟ်တုလွှတ်တင်မှုလုပ်ငန်းအတွင်းသို့ ဝင်ရောက်လာခြင်းအမှတ်အသားလည်းဖြစ်သည်။

တောင်ကိုရီးယားဂြိုဟ်တု KOMPSAT-3 သည် ဘက်စုံသုံး စူးစမ်းလေ့လာရေးဂြိုဟ်တုဖြစ်ပြီး ကိုရီးယားအာကာသ သုတေသနသိပ္ပံမှ တည်ဆောက်ခြင်းဖြစ်သည်ဟု ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီ၏ သတင်းထုတ်ပြန်ချက်၌ ဖော်ပြသည်။

လွှတ်တင်ခဲ့သော ဂျပန်နိုင်ငံပိုင် ဂြိုဟ်တုသုံးလုံးအနက် ရှင်ဇုကုအမည်ရှိ ဂြိုဟ်တုသည် ကမ္ဘာ့သမုဒ္ဒရာရေစီးကြောင်းများကို စောင့်ကြည့်မှတ်တမ်းတင်မည်ဖြစ်ပြီး အခြားဂြိုဟ်တုနှစ်လုံးမှာ စမ်းသပ်မှုနှင့်ဆိုင်သော ပုံစံငယ်များသာ ဖြစ်သည်ဟု ဆိုသည်။ **အင်တာနက်။**

တောင်ကိုရီးယားနိုင်ငံလုပ်ဂြိုဟ်တုတစ်လုံးကို သယ်ဆောင်ထားသည့် H-2 A အမျိုးအစားဒုံးယာဉ် လွှတ်တင်စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လယ်ယာလုပ်သားရှားပါးမှုကြောင့် တောင်သူများအခက်တွေ့

နေပြည်တော် မေ ၁၉

ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးကို အဓိကအခြေခံ၍ လုပ်ကိုင်ကြပြီး ယခုကဲ့သို့ နွေစပါးရိတ်သိမ်းချိန်တွင် လယ်ယာလုပ်သားရှားပါးမှုကြောင့် စပါးစိုက်တောင်သူများ အခက်ကြုံလျက်ရှိကြောင်း သိရသည်။ တောင်သူများအနေဖြင့်လည်း စပါးဈေးမကောင်း၍ ဝယ်ယူမည့်သူမရှိသောကြောင့် လုပ်အားခပေးချေရာတွင် ငွေကြေးလိုအပ်မှုများရှိသည်ဟု တောင်သူတစ်ဦးက ပြောပြသည်။ လယ်ယာလုပ်သားအများစုသည် ဝင်ငွေအရနည်း၍ ပင်ပင်ပန်းပန်းလုပ်ကိုင်ရသည့် လယ်ယာလုပ်ငန်းများကို စိတ်ဝင်စားမှုလျော့နည်းလာသည့်အလျောက် ဒေသရွှေ့ပြောင်းကာ စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီ၊ တည်ဆောက်ရေးလုပ်ငန်းများကို ပြောင်းရွှေ့လုပ်ကိုင်ကြသဖြင့် နွေ၊ မိုး၊ ဆောင်း လယ်ယာလုပ်ငန်းခွင်များတွင် လုပ်သားအင်အားများစွာ လျော့နည်းခဲ့ကြောင်း အထက်ပါတောင်သူကပင် ဆက်၍ ပြောသည်။

ယခုအခါ စပါးရိတ်အဖွဲ့တစ်ဖွဲ့လျှင် လူ ၄၀ ခန့်သာရှိပြီး တောင်သူအများစုမှာ အလျင်စလို စပါးရိတ်သိမ်းလိုကြသော်လည်း ရှိသည့်လူအနည်းစုဖြင့်သာ အဖွဲ့ခွဲ၍ လုပ်ငန်းခွင်ဝင်ကြရသည့်အတွက် ခရီးတွင်မှုမရှိကြောင်းသိရသည်။ "အရင်တုန်းက လယ်စာရင်းငှားကို ငေါက်ပြီးခိုင်းလို့ရတယ်၊ အခုကျတော့ မပျော်ပျော်အောင်ထားပြီး ချော့ခိုင်းနေရတယ်၊ မိုးရာသီအတွက် ငွေကျပ်တစ်သိန်းနဲ့စပါး ၅၀ ပေးတာတောင် လုပ်ချင်တဲ့သူက နည်းနေတယ်" ဟု ကိုယ်တိုင်ကြုံတွေ့ရသည့် ဒေသခံတောင်သူကြီးတစ်ဦးက ရှင်းပြသည်။ (၅၇၈)

ရေခဲဈေးမြင့်သော်လည်း ငါးဈေးမတက်

မန္တလေး မေ ၁၉

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သီရိမာလာငါးဈေးကြီးသည် မန္တလေးမြို့နေပြည်သူများ စားသုံးလျက်ရှိသော ငါးများကို အဓိက ဖြန့်ဖြူးပေးလျက်ရှိသည်။ သီရိမာလာဈေးသို့ သဘာဝငါးများနှင့် မွေးမြူရေးငါးများ၊ ပုစွန်များ ဝင်ရောက်သော်လည်း ရေနည်းသည့် နွေရာသီတွင် မြစ်ချောင်းများမှ သဘာဝငါးများ အဝင်နည်းပြီး မွေးမြူရေးငါးများ၊ ပုစွန်များ ပုံမှန်ဝင်ရောက်လျက်ရှိသည်။

နွေရာသီတွင် ရေခဲသုံးစွဲမှုများပြားခြင်း၊ လျှပ်စစ်မီးပုံမှန်မရသဖြင့် ရေခဲစက်များ ပုံမှန်မလည်ပတ်နိုင်ခြင်းတို့ကြောင့် ရေခဲဈေးနှုန်း မြင့်တက်သော်လည်း ငါးဈေးမှာ သိသိသာသာ မြင့်တက်သွားခြင်းမရှိပေ။ တီလားပီးယား အရွယ်လိုက် တစ်ပိဿာ ကျပ် ၈၀၀ မှ ၁၂၀၀၊ ငါးမြစ်ချင်း တစ်ပိဿာ ကျပ် ၁၈၀၀၊ ရွှေဝါငါးကြင်း တစ်ပိဿာ ကျပ် ၂၀၀၀ မှ ၂၅၀၀၊ ငါးရံ့တစ်ပိဿာ ကျပ် ၃၅၀၀ မှ ၄၅၀၀၊ ငါးသလောက်တစ်ပိဿာ ကျပ် ၄၅၀၀၊ ရန်ကုန်ပုစွန်တစ်ပိဿာ ကျပ် ၁၀၀၀၀/၁၃၀၀၀ ဈေးရှိကြောင်း သိရသည်။

ကိုကိုကြီး (မန္တလေး)

ဒေသဖွံ့ဖြိုးရေးလမ်း ရာသီမရွေးသွားလာနိုင်ရန် ပြုပြင်

ရေတာရှည် မေ ၁၉

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး ကုန်းကြီးလမ်းဆုံမှ အနောက်ဥယျာဉ်မှူးကျေးရွာအထိ ဆက်သွယ်ဖောက်လုပ်ထားသည့် မြေသားကျောက်လမ်းဟောင်းကို ဒေသတွင်းရှိ ကျေးရွာများက အဓိကအားထား၍ အသုံးပြုလျက်ရှိသည်။ အဆိုပါ မြေသားကျောက်လမ်းသည် ကျေးရွာများအတွင်း မှီတင်းနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများအနေဖြင့် တောင်ယာစိုက် ဆန်စပါး၊ မြေပဲ၊ နှမ်းနှင့် အခြားသော ဒေသထွက်ကုန်များကို အထက်ပါ လမ်းကြောင်းမှပင် သွားလာကြရသည်။ ယခုအခါ ရေတာရှည်မြို့နယ် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ဒေသခံပြည်သူများ ရာသီမရွေး အဆင်ပြေစွာ ခရီးသွားလာနိုင်ရေး အတွက် မြေသားကျောက်ချောလမ်း အဖြစ် ပြုပြင်လျက်ရှိပြီး အဆိုပါလမ်းပိုင်းကောင်းမွန်သွားပါက ဒေသတွင်းနေထိုင်သူများ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အစရှိသည်တို့ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သည်။

ကိုလွင်(ဆွာ)

မန္တလေးမြို့၌ နေ့အပူချိန်မြင့် အပူဒဏ်ကာကွယ်ရေးစခန်းများဖွင့်

မန္တလေး မေ ၁၉

မန္တလေးမြို့တွင် မေလ ဒုတိယပတ်မှစတင်၍ နေ့အပူချိန်များ မြင့်တက်လျက်ရှိရာ မေ ၁၂ ရက်က ၄၀ ဒီဂရီ စင်တီဂရိတ်ရှိခဲ့ပြီး မေလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့သည်။ မြို့နယ်အချို့တွင် ဒေသအာဏာပိုင်များနှင့် ကျန်းမာရေးဦးစီးဌာန၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အပူဒဏ်ကာကွယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိသည်။ အပူချိန်မြင့်မားမှုကြောင့် မြို့သစ်ရပ်ကွက်အချို့တွင် ဝမ်းပျက် ဝမ်းလျှောရောဂါနှင့် အပူရှပ်ဖျားနာမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ပြည်တွင်းလေကြောင်းခရီးစဉ် ဈေးနှုန်းများပြောင်း

မန္တလေး မေ ၁၉

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းက ပြည်တွင်းလေကြောင်းခရီးစဉ်ဈေးနှုန်းများကို ၂၀၁၂ ခုနှစ် မေ ၁ ရက်မှစ၍ ပြင်ဆင်ပြောင်းလဲခဲ့ရာ မန္တလေး-နေပြည်တော် ကျပ် ၃၅၀၀၀၊ မန္တလေး-ရန်ကုန် ကျပ်၆၀၀၀၀၊ မန္တလေး-ညောင်ဦး ကျပ် ၂၅၀၀၀၊ မန္တလေး-မုံရွာ ကျပ် ၂၅၀၀၀၊ မန္တလေး-ခန္တီး ကျပ် ၆၀၀၀၀၊ မန္တလေး-ဟုမ္မလင်း ကျပ် ၆၃၀၀၀၊ မန္တလေး-ကလေး ကျပ် ၄၅၀၀၀၊ မန္တလေး - ဗန်းမော် ကျပ် ၄၃၀၀၀၊ မန္တလေး-မကွေး ကျပ်၃၀၀၀၀၊ မန္တလေး-မြစ်ကြီးနား ကျပ် ၅၃၀၀၀၊ မန္တလေး-ပူတာအို ကျပ် ၇၅၀၀၀၊ မန္တလေး-ဟဲဟိုး ကျပ် ၂၅၀၀၀၊ မန္တလေး-ကျိုင်းတုံ ကျပ် ၇၅၀၀၀၊ မန္တလေး - တာချီလိတ် ကျပ် ၇၅၀၀၀၊ မန္တလေး - လားရှိုး ကျပ် ၃၈၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

မန္တလေးမြို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီး

မန္တလေး မေ ၁၉

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ လိုင်စင်မဲ့ယာဉ်များ ပပျောက်စေရေးအတွက် စီမံချက်ချ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၄ ရက်မှ မေ ၆ ရက်အထိ မန္တလေးမြို့တော်စည်ပင်နယ်နိမိတ်အတွင်း သွားလာနေသော လိုင်စင်မဲ့ယာဉ် ၁၉ စီးအား ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့တော်စည်ပင်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းပါဝင်သောအဖွဲ့များဖြင့် စစ်ဆေးအရေးယူခဲ့သည်။

ဖမ်းဆီးရမိသော လိုင်စင်မဲ့ မော်တော်ယာဉ်များတွင် မတ်တူး ရှစ်စီး၊ ပါဂျဲရိုး ငါးစီး၊ ဟိုင်းလတ်ဆပ် နှစ်စီး၊ စီလီကာ တစ်စီး၊ ဆီဇာ တစ်စီး၊ စတေရှင်ဝက်ဂွန် တစ်စီး၊ ကရောင်းတစ်စီးတို့ ပါဝင်ကြောင်းသိရသည်။

သီဟကိုကို(မန္တလေး)

ယနေ့ ဖတ်စရာ မှတ်စရာ

ပြည်သူနှင့် ဆန္ဒတူသောအခါ

ပြီးခဲ့သည့်လက သင်္ကြန်မိုးကိုမျှော်မိသည်။ မျှော်ပါသော်လည်းမိုးကမရွာ။ ထို့ကြောင့် သင်္ကြန်မိုးနှင့်လည်းလွဲ၊ ပိတောက်ပန်းနှင့်လည်း လွဲခဲ့ရသည်။ ချစ်ချစ်တောက်နေပူဒဏ်ကိုသာ လူးလှိမ့်ခံရင်း မျှော်တလင့်လင့်။ မနေ့တစ်နေ့ကပင် မိုးလေး တစ်ဖြိုက်နှစ်ဖြိုက်ရွာချလိုက်၍ နေသာသလို ရှိသွား၏။ သို့သော်လည်း ကိုရွှေမိုးက မိုးသားတိမ်တောင်ကိုသာ အရိပ်ပြ၍ ခပ်ခွာခွာလေးရှိနေပြန်၏။

'တန်ခူးရေကုန်၊ ကဆုန်ရေခန်း'ဆိုသည့်အတိုင်း အောက်ပြည်အောက်ရွာမှာပင် အချို့နေရာဒေသများ၌ သောက်သုံးရေအခက်အခဲဖြစ်နေသည်ကို ကြားရ၏။ ရေအလှူရှင်များ သွားရောက်လှူဒါန်းကြသည်ကိုလည်း တွေ့ရ၏။ အညာဒေသတွင် ကြီးပြင်းခဲ့ရသူမို့အညာဒေသ၏ အပူဒဏ်ကို ကောင်းကောင်းသိပါသည်။ မိုးရွာချိန်တွင် စုဆောင်းသိုလှောင်ထားသည့်ကန်ရေ၊ ချောင်းရေ၊ ဆည်ရေမရှိလျှင် အညာဒေသကား ရေဒုက္ခအကြီးအကျယ်ရောက်လေ့ရှိသည်။

တစ်နှစ်ပတ်လုံးမိုးရေချိန်မှာလည်း ရွာလှမှမိုးရေချိန် လက်မ ၂၀ နှင့် ၄၀ ကြားလောက်သာရှိသည်။ ရသမျှ မိုးရေကိုစုဆောင်းထားရ၏။ သို့သော် မြန်မာနိုင်ငံအလယ်ပိုင်းတွင် ကန်များ၊ ချောင်းများ၊ ဆည်များသည် နှစ်ကြာလာသည်နှင့်အမျှ တိမ်ကောလာနေပြီ ဖြစ်သည်။ အထင်ကရ အင်းလေးကန်ကဲ့သို့ မထင်ပေါ်လှသေး၍လား၊ သို့တည်းမဟုတ် စက်ယန္တရားကြီးများနှင့် နိုင်ငံတော်၏ အကူအညီအပံ့အပိုးလိုအပ်နေ၍လားမပြောတတ်။ ကျယ်ကျယ်ပြန့်ပြန့် ထိထိမိမိဆောင်ရွက်နိုင်ခြင်းမရှိသည်မှာ ကြာခဲ့လေပြီ။

'ထမင်းအသက်ခုနစ်ရက်၊ ရေအသက်တစ်မနက်' ဆိုသည့်အတိုင်း သောက်သုံးရေသန့်သန့်ရရှိနိုင်ရေးသည် နိစ္စဓူဝကိစ္စရပ်များတွင် အရေးကြီးသည့်အချက်တစ်ခုဖြစ်သည်။ ရေသန့်ယဉ်ကျေးမှုထွန်းကားလာပြီးနောက် အဝီစိတွင်းများ အလျှံပယ်တူးကာ စီးပွားဖြစ်လုပ်ဆောင်လာကြသူများလည်း ပေါလှပါသည်။ (ထိုင်းနိုင်ငံသည် မြေအောက်ရေ ထုတ်ယူသုံးစွဲမှုများပြားလွန်းခြင်းကြောင့် မြို့မျက်နှာပြင် နိမ့်ကျလာသည်ကို တွေ့ရ၏။ မကြာသေးမီလများအတွင်းက ကျောက်ဖရားမြစ် ရေကြီးရေလျှံမှုကြောင့် ဗန်ကောက်တစ်မြို့လုံး ရေလွှမ်းခဲ့သည့်အဖြစ်သည် ထင်ရှားသောသာဓကပင်ဖြစ်သည်။) မြေအောက်ရေ အလွန်အကျွံထုတ်ယူသုံးစွဲမှုသည် ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုကို ပိုဆိုးလာနိုင်ကြောင်း အင်တာနက်သတင်းတစ်ရပ်အရ သိရသည်။ ရေသန့်ဘူးသုံးသည့် မြို့ကြီးပြကြီးများတွင်လည်း တစ်နှစ်ထက်တစ်နှစ် ဈေးနှုန်းများမြင့်တက်ခဲ့ရာ ရေသန့်တစ်ဘူး(လီတာ ၂၀ ဝင်) ကျပ် ၁၀၀၊ ၁၅၀ မှ နှစ်အနည်းငယ်အတွင်း ရေသန့်တစ်ဘူး ကျပ် ၅၀၀၊ ၆၀၀ အထိမြင့်တက်ခဲ့သည်။ မြေအောက်အဝီစိရေများ အလျှံပယ် ထုတ်ယူသုံးစွဲနိုင်ကြ၍ ရေသန့်စက်ရုံကြီးများ တစ်ရုံပြီးတစ်ရုံ တိုးပွားလာသော်လည်း ရေသန့်ဘူးဈေးနှုန်းကျသည်မရှိ၊ ဈေးတက်ရန်သာ ဟန်တပြင်ပြင်ရှိနေတော့၏။

မြန်မာနိုင်ငံအနေဖြင့် သဘာဝရေချိုအရင်းအမြစ် များစွာပေါကြွယ်ဝပါသည်။ နည်းစနစ်ကျနစွာ ထုတ်ယူသုံးစွဲနိုင်ဖို့သာ လိုပါသည်။ တစ်ဖက်ကလည်း ဆည်မြောင်းကန်ချောင်းများတွင် စနစ်တကျ ရေသိုလှောင်ဖို့လိုအပ်ပါသည်။ ဤသို့ သိုလှောင်နိုင်ရန် နုန်းတင်၍ ချောင်းများ၊ ကန်များ၊ ဆည်များ၊ ကောလာခြင်းကိုမူ အထူးအလေးပေးကာ နှစ်အလိုက်စီမံဆောင်ရွက်ရန် အရေးတကြီးလိုအပ်နေပြီဖြစ်သည်။

မြန်မာနိုင်ငံအလယ်ပိုင်းတွင် ထင်ရှားသော ရှေးဟောင်းတစ်ဖက်ဆည်ကန်ကြီးရှိပါသည်။ ယင်းမှာ "ကြိုးကြာ မသောက်၊ ရေမနောက်၊ မပေါက်ရွှေကြာ၊ ကန်တော်မိတ္ထီလာ" ဆိုသည့် မိတ္ထီလာကန် (ဝါ) ရှေးအခေါ် သျှိသျှားကန်ကြီးပင်ဖြစ်ပါသည်။ ယင်းကန်ကြီးမှာ တောင်ကန်-မြောက်ကန်ဟူ၍ အပိုင်းအခြားရှိရာ မြောက်ကန်တွင် ရေဝင်-ရေစစ် အနည်ထိုင်ပြီးမှ တောင်ကန်သို့ ဝင်စေခြင်းဖြစ်သည်။ ညိုညစ်သောရေများသည် တောင်ကန်တွင်းသို့ ရောက်သည်နှင့် မကြာခင် ကြည်လင်စိမ်းမြသွား၏။ ယင်းကန်တွင် ကြာမပေါက်သကဲ့သို့ ကြိုးကြာငှက်ကလည်း ရေမသောက်ပါ။ ထိုကန်မှပင် တစ်မြို့လုံးသို့ ရေပို့လွှတ်သုံးစွဲနေရခြင်း ဖြစ်၏။

မိတ္ထီလာကန်သည် အထက်ပုပ္ပားနယ်တစ်ဝိုက် ရေဝေရေလဲနယ်မှ ကြက်မောက်တောင်ဆည်ကို အခြေတည်ကာ မုန်တိုင်ဆည်မှတစ်ဆင့် မိတ္ထီလာကန်သို့ အဆင့်ဆင့်စီးဝင်ခြင်းဖြစ်သည်။ ထိုမှတစ်ဆင့်၊ ဝမ်းတွင်း၊ သာစည်၊ ညောင်ရမ်း၊ပျော်ဘွယ်ရှိ ကန်ချောင်းများသို့ ရေပြည့်စေသည်သာဖြစ်သည်။ ယင်းဆည်မြောင်းကန်ချောင်းများသည် ဆည်ရေသောက်၊ ကန်ရေသောက် လယ်ဧကများစွာ၊ ဒေသများစွာ၏ အသက်ပင်ဖြစ်သည်။ ထိုကန်ရေကို သောက်ရသည်။ ထိုဆည်ရေဖြင့် စိုက်ရပျိုးရ၏။ ထို့ကြောင့် ကန်ရေသောက်မြက်ခြောက်စားများဟု ခေါ်သည်ကိုပင် မနာနိုင်အားကြပါ။

မကြာသေးမီကပင် "မိတ္ထီလာကန်တော်ကြီး ပြည်သူနှင့် အစိုးရပူးပေါင်းထိန်းသိမ်းရေး စီစဉ်နေကြပြီ" ဆိုသည့်သတင်းတစ်ပုဒ်ဖတ်ရပါသည်။ အညာသားတစ်ဦး၏ ပီတိမို့ ပြောမပြတတ်ပါ။ အနှစ်နှစ်အလလက ဆန္ဒတစ်ခုပေါ်ခဲ့ပြီမို့ စိတ်ချမ်းမြေ့ဖွယ်ရာပင်ဖြစ်သည်။ ထို့ပြင် မြို့/ရွာများကို တာဝန်ခံရသော တာဝန်ရှိအုပ်ချုပ်ရေးအာဏာပိုင်များသည် မိမိတို့မြို့ရွာအတွင်း အမှန်တကယ်ဖော်ဆောင်ပေးသင့်သည့် လုပ်ငန်းတစ်ရပ်အပေါ် အလေးဂရုပြုပေးခြင်းမို့ ကြိုဆိုရမည်ဖြစ်ပါသည်။

စင်စစ် မြို့ရွာအုပ်ချုပ်ရေးမဏ္ဍိုင်မှ တာဝန်ရှိသူတို့အနေဖြင့် အမှန်တကယ်မြို့ရွာဖွံ့ဖြိုးရေးလည်းဖြစ်၊ ပြည်သူလူထု၏ လိုအင်ဆန္ဒလည်းဖြစ်သည်တို့ကို ဖြည့်ဆည်းပေးခြင်းဖြစ်၍ လှိုက်လှဲဝမ်းသာကြိုဆိုအပ်ပါသည်။ တစ်နည်းအားဖြင့် ပြည်သူလူထု၏ ဆန္ဒနှင့် အုပ်ချုပ်သူတို့ ဆန္ဒထပ်တူကျသောအခါ ရလဒ်ကောင်းတစ်ခု ထွက်ပေါ်လာသည်မှာ အတုယူစရာဖြစ်သကဲ့သို့ ဂုဏ်ယူစရာလည်းဖြစ်ပါသည်။

ခင်မောင်ဌေး (ပညာရေး)

ပြည်သူ့ထံမှ ပေးစာများ

တောမဈေးဆိုင်အချို့ မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

မိတ္ထီလာမြို့နယ် ထပုန်ကန်အုပ်စုရှိ တောမဈေးတိုက်တန်းတွင် စားသောက်ဆိုင်၊ အရက်ဆိုင်၊ ဘီယာဆိုင်များသည် ညအချိန်အထိ ဖွင့်လှစ်ရောင်းချလျက်ရှိရာ ပတ်ဝန်းကျင်နေသူများ အနှောင့်အယှက်ဖြစ်ပြီး မီးဘေးအန္တရာယ် စိုးရိမ်နေကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါဆိုင်များအား အလျင်အမြန် ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

မီးဘေးစိုးရိမ်သူ

လူနေတိုက်ခန်းလှေကားမှ ခွေးများအား ဖယ်ရှားပေးစေလို

စာတည်းရှင့်-

ရန်ကုန်မြို့ တာမွေမြို့နယ် ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက် နှင်းဆီလမ်းရှိ တိုက်လှေကားတစ်ခုတွင် ခွေးများသည် အစာစားခြင်း၊ မကြာခဏ အိပ်နေတတ်ကြခြင်းနှင့် အပေါ့အလေးစွန့်ခြင်းများကြောင့် အနံ့အသက်ဆိုးများ ခံစားရသည့်အပြင် ကြောက်ရွံ့မှုနှင့် စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ အမြန်ဆုံးဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ဒုက္ခရင်ဆိုင်နေရသူများ

ယာဉ်တိုက်မှုအန္တရာယ် စိုးရိမ်နေရ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လှော်ကားလမ်းမကြီးပေါ်မှ အုတ်၊ သဲ၊ ကျောက်၊ သစ်၊ ဝါး၊ ဓနိဆိုင်များနှင့် ကားစက်ပြင်အလုပ်ရုံများကြောင့် ရဟန်း ရှင်လူပြည်သူများနှင့် ကျောင်းသား ကျောင်းသူများမှာ ကတ္တရာလမ်းမကြီးပေါ်မှ သွားလာနေကြရပါသဖြင့် မတော်တဆယာဉ်တိုက်မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိပါသည်။ သို့ပါ၍ လှော်ကားလမ်းမကြီးပေါ်မှ ၎င်းဆိုင်နှင့် စက်ပြင်အလုပ်ရုံများအား ရှင်းလင်းပေးစေလိုပါသည်။

ယာဉ်အန္တရာယ်စိုးရိမ်သူ

ခွေးလေခွေးလွင့်များ ရှင်းပေးစေလို

စာတည်းခင်ဗျား-

မိတ္ထီလာစက်မှုဇုန်တွင် ခွေးလေခွေးလွင့်များ သောင်းကျန်းနေပြီး လမ်းသွားလမ်းလာများအား ကိုက်ခြင်း၊ ဆိုင်ကယ်နောက်မှ အုပ်စုလိုက် လိုက်လံကိုက်ခြင်းတို့ကြောင့် သက်ဆိုင်ရာမှ ခွေးလေခွေးလွင့်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ခွေးရန်ကြောက်သူ

ပတ်ဝန်းကျင်ကျန်းမာရေး ထိခိုက်နစ်နာမှုများ ရှိပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန်ကိစ္စ

၂၉-၄-၂၀၁၂ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မော်လမြိုင်မြို့ မောင်ငံ-ကွင်းရပ်နယ်မြေ အခွန်လွတ်ဈေးအနီး သုခလမ်း နေအိမ်ဝင်းအတွင်း ကျွဲ၊ နွားသိုလှောင်ထားခြင်း၊ ရပ်ကွက်အတွင်း သတ်ဖြတ်ခြင်းတို့ကြောင့် အညစ်အကြေးအနံ့ဆိုးများကို သက်ကြီးရွယ်အိုများနှင့် ပြည်သူများနေ့စဉ်နှင့်အမျှ ခံစားနေရသည့်အပြင် ပတ်ဝန်းကျင်ကျန်းမာရေး ထိခိုက်နစ်နာမှုများရှိပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် ပေးစာနှင့်စပ်လျဉ်း၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အတူ ၃-၅-၂၀၁၂ ရက်နေ့တွင် ကွင်းဆင်းစစ်ဆေးရာ ယင်းလုပ်ငန်းနှင့် ဆက်စပ်သော မောင်ငံကွင်းရပ်နယ်မြေ အခွန်လွတ်ဈေးအနီး သုခလမ်း အိမ်အမှတ်(၃၆/င)တွင် အဆိုပါလုပ်ငန်းများ ဆောင်ရွက်မှုမရှိကြောင်း ဖော်ပြအပ်ပါသည်။

မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့

✳ ကျောဖုံးမှ

ပေးအပ်နိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီဖော်ဆောင်ရေး၊ လူမှုစီးပွားဘဝမြှင့်တင်ရေးနှင့် တိုင်းရင်းသားလူမျိုးများနှင့် ပဋိပက္ခများဖြေရှင်းရေးအတွက် နိုင်ငံတော်သမ္မတကြီး၏ ကြိုးပမ်းဆောင်ရွက်မှုများကို ချီးကျူးပါကြောင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့်စပ်လျဉ်း၍ မိမိတို့အနေဖြင့် အကူအညီပေးနိုင်သည်များရှိပါက ပေးအပ်ရန် အဆင်သင့်ရှိပါကြောင်း၊ အမေရိကန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးကိစ္စ၊ တိုင်းရင်းသားလူမျိုးစုများကိစ္စ၊ မြန်မာနိုင်ငံနှင့် မြောက်ကိုရီးယားအကြား စစ်ရေးဆိုင်ရာ ဆက်ဆံမှုကိစ္စများနှင့် စပ်လျဉ်း၍ စိုးရိမ်ပူပန်မှုရှိနေဆဲဖြစ်ပါကြောင်း၊ နိုင်ငံရေးအကျဉ်းသားများနှင့် ပတ်သက်၍လည်း ကျန်ရှိနေသူများကို ဆက်လက်လွှတ်ပေးစေလိုပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံခြားရေးဝန်ကြီး နှစ်ဦးသည် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့ရာ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ၏ ပြောကြားချက်များနှင့် အမေး၊ အဖြေများမှာ အောက်ပါအတိုင်းဖြစ်သည်-

ဝန်ကြီး မစ္စစ် ကလင်တန် - ဝန်ကြီး ဦးဝဏ္ဏမောင်လွင်ကို ဝါရှင်တန်မှာ ကျွန်မတို့ ကြိုဆိုတွေ့ဆုံခွင့်ရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ကျွန်မတို့အနေနဲ့ နှစ်နိုင်ငံအကြားဖြစ်ပေါ် လျက်ရှိသော ရင်းနှီးသော ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုတို့ ရှင်သန်စေရန်နှင့် ဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် တွေ့ဆုံဆွေးနွေးရန်တို့ကို လိုလားနေခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ် ဒီဇင်ဘာလက ကျွန်မတို့နှစ်ဦး နေပြည်တော်မှာ တွေ့ဆုံခဲ့ကြပါတယ်။ ယခုလို ဝါရှင်တန်မှာ ပြန်လည်တွေ့ဆုံရတာကို လွန်စွာဝမ်းသာမိပါတယ်။

ဆယ်စုနှစ်များအတွင်း ပထမဦးဆုံးအကြိမ်တွေ့ဆုံမှုဟာ သမိုင်းဝင်မှတ်တမ်းတစ်ခုပင် ဖြစ်ပါတယ်။ နောက်ပြီး ဒါဟာ အချိန်တိုကလေးအတွင်းမှာ ကျွန်မတို့နှစ်နိုင်ငံအကြား ခရီးပေါက်ရောက်မှု၏ အတိုင်းအတာရဲ့ သက်သေပဲဖြစ်ပါတယ်။ သမ္မတဦးသိန်းစိန်ကို ဒီမိုကရက်တစ် ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းဆီဦးတည်ရန် အစိုးရအဖွဲ့ကို ဦးဆောင်လမ်းကြောင်းပေးနိုင်သည့်အတွက် မိမိဂါရဝပြုလိုပါတယ်။ မိမိတို့နိုင်ငံရဲ့ ပိုမိုကောင်းမွန်တဲ့ အနာဂတ်အတွက် ရုန်းကန်စွန့်လွှတ်ပေးဆပ်ခဲ့ကြတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အခြားသူများအားလုံးကိုလည်း လေးစားပါတယ်။

ပြီးတော့ ဒီဖြစ်စဉ်အပေါ်မှာ ထောက်ခံအားပေးခဲ့ကြတဲ့၊ ယခုလို ဖြစ်ပေါ်တိုးတက်မှုများ၏ အရေးပါအရာရောက်မှုများအပေါ် နားလည်သဘောပေါက်ထောက်ခံပေးကြတဲ့ အမေရိကန်ပြည်ထောင်စုက ပုဂ္ဂိုလ်တိုင်းကိုလည်း ကျွန်မ ကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်။ အထူးသဖြင့် အထက်လွှတ်တော်အမတ် မက်ကောနယ်၊ မက်ကိန်း၊ ကယ်ရီ၊ ဝက်ဘ်၊ ရှာဟင်းန်၊ ကွန်ဂရက်အမတ် ကရိုလီအပါအဝင် လွှတ်တော်အတွင်းမှ မိတ်ဖက်များဖြစ်တဲ့ ရီပတ်ဘလီကန်နဲ့ ဒီမိုကရက်တစ်အမတ်များကိုလည်း ကျေးဇူးတင်ပါတယ်။

ဒီမိုကရေစီနဲ့ အမျိုးသားရင်ကြားစေ့ရေး တိုးတက်ဖြစ်ထွန်းမှုတွေ နောက်ကြောင်းပြန်လှည့်စရာ အကြောင်းမရှိဘူးလို့ ဝန်ကြီးက ပြောကြားခဲ့တာကို ကျွန်မအနေနဲ့ အသိအမှတ်ပြုရမယ့်အချိန်လည်းဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ အဆိုပါကိစ္စများ အမှန်တကယ် ဖြစ်ပေါ်လာစေဖို့အတွက် တတ်စွမ်းသမျှကူညီလုပ်ဆောင်ပေးရန် ဆန္ဒရှိပါတယ်။

ကြားဖြတ်ရွေးကောက်ပွဲနဲ့ မကြာသေးခင်က ကရင်အမျိုးသား အစည်းအရုံးနဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေ ရပ်စဲအောင်ဆောင်ရွက်နိုင်ခဲ့တာတွေကိုလည်း ကျွန်မတို့ ကြိုဆိုပါတယ်။ အဲဒီအဖွဲ့ဟာ အစိုးရအနေနဲ့ အထူးအလေးထားနေရတဲ့ ပြည်တွင်းပဋိပက္ခမှာပါဝင်တဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ ပြုပြင်ပြောင်းလဲမှုတွေကို ဆက်လက်တိုးမြှင့်လုပ်ဆောင်နေတဲ့အကြောင်းကောင်းသတင်းကိုလည်း ဝန်ကြီးဆီကနေ ကျွန်မကြားသိရပါတယ်။

ဒီပြုပြင်ပြောင်းလဲမှုတွေကို အမေရိကန်ပြည်ထောင်စုက အခိုင်အမာထောက်ခံပါတယ်။ ကျွန်မတို့ အားလည်းပေးချင်ပါတယ်။ ဒါကို အသိအမှတ်လည်း ပြုပါတယ်။ မိတ်ဖက်နိုင်ငံတစ်ခုအနေနဲ့ ဒီပြုပြင်ပြောင်းလဲမှုတွေကို ကျွန်မတို့ မြင်လိုတွေ့လိုပါတယ်။ ဒါကြောင့် ယနေ့မှာ ၁၉၉၀ ခုနှစ်ကတည်းက ပထမဆုံးအကြိမ်အဖြစ် သံအမတ်ကြီး ဒဲရက်မစ်ချယ်လ်ကို မြန်မာနိုင်ငံဆိုင်ရာ သံအမတ်သစ်အဖြစ် အမည်တင်သွင်းလိုက်ကြောင်း ကြေညာအပ်ပါတယ်။ သံအမတ်ကြီး မစ်ချယ်လ်ဟာ ကျွန်မရဲ့ အထူးကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်နေတာပါ။ သူဟာ ဒေသတွင်းခင်မင်မှုနှင့် လေးစားမှုကို အထူးခံယူနေရသူတစ်ဦးလည်း ဖြစ်ပါတယ်။ သံအမတ် ဆောလျင်စွာခန့်နိုင်ရေးအတွက် ကျွန်မ အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော် ကို တိုက်တွန်းပါတယ်။ ဒါမှ သူ့အနေနဲ့ အရေးကြီးတဲ့ တာဝန်ကို ဆက်လက်ထမ်းဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးကိုလည်း ကျွန်မတို့ ကြိုဆိုမျှော်လင့်လျက်ရှိပါတယ်။

မြန်မာနိုင်ငံအတွင်းမှာ အမေရိကန်ရင်းနှီးမြှုပ်နှံမှု၊ ကုန်ပစ္စည်းတင်ပို့မှုနှင့် ဘဏ္ဍာရေးဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ဆောင် ခွင့်ပြုမယ့်အကြောင်း ကြေညာအပ်ပါတယ်။ ဒါတွေဟာ ကျွန်မတို့ရဲ့ ထင်ရှားတဲ့မူဝါဒဆိုင်ရာ ပြောင်းလဲမှုပဲဖြစ်ပါတယ်။ စီးပွားရေးမှာ အမေရိကန်စီးပွားရေးလုပ်ငန်းတွေ ရင်းနှီးမြှုပ်နှံနိုင်ဖို့၊ နိုင်ငံသားတွေ နိုင်ငံတကာ အကြွေးဝယ်ကတ်ဈေးကွက်ထဲဝင်နိုင်ဖို့နဲ့ ဒေါ်လာအခြေပြု ငွေလွှဲလုပ်ငန်းများ လုပ်ဆောင်နိုင်ဖို့တို့အတွက် အမေရိကန်ပြည်ထောင်စုက အထွေထွေလိုင်စင်တစ်ရပ် ထုတ်ပေးမှာဖြစ်ပါတယ်။

ကျွန်မ အမေရိကန်စီးပွားရေးလုပ်ငန်းတွေကို ပြောကြားလိုတာကတော့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံကြပါ။ မိမိတို့လုပ်ဆောင်ရမယ့်တာဝန်ကိုလည်း နားလည်ကြပါ။ ကောင်းမွန်သော ပြောင်းလဲမှုတွေအတွက် ကောင်းမွန်သော စီးပွားရေးလုပ်ငန်းသမားတစ်ဦးအဖြစ် လုပ်ကိုင်ဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ အလုပ်အကိုင်သစ်များဖန်တီးဖို့နဲ့ ပြုပြင်ပြောင်းလဲမှုများကို အားပေးထောက်ခံဖို့ အားလုံးဝိုင်းဝန်းဆောင်ရွက်ကြပါစို့။

ယခုလုပ်ဆောင်ချက်တွေဟာ မြန်မာနိုင်ငံကို ကမ္ဘာ့စီးပွားရေးမှာ ပါဝင်လာစေရန်၊ ကျယ်ပြန့်တဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ရရှိလာစေရန်နဲ့ လက်ရှိတိုးတက်ပြောင်းလဲမှုများ ပိုမိုဖြစ်ထွန်းစေရန် တွန်းအားတစ်ရပ်ပဲဖြစ်ပါတယ်။ အခြားနိုင်ငံတွေဖြစ်တဲ့ ဥရောပသမဂ္ဂနှင့် အင်္ဂလန်နိုင်ငံတို့လိုပဲ မိမိတို့လည်း လုပ်ဆောင်စရာရှိတာတွေကို ဆောင်ရွက်ပေးနေပါတယ်။ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို ဆိုင်းငံ့ထားလိုက်ပါပြီ။ ဒါဟာ လုပ်သင့်လုပ်ထိုက်တဲ့ အလုပ်လို့ ကျွန်မတို့ယုံကြည်ပါတယ်။ အဲဒီအတွက် အာမခံချက်ရှိစေဖို့ သက်ဆိုင်တဲ့ဥပဒေတွေကို ကျွန်မတို့ ထားရှိသွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့ ပန်းတိုင်နဲ့ အထူးအာရုံစူးစိုက်မှုကတော့ စီးပွားရေးလုပ်ငန်းတွေနဲ့ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းတွေကို မြန်နိုင်သမျှ မြန်မြန်တိုးချဲ့ဖို့ပါပဲ။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် ကွန်ဂရက်လွှတ်တော်၊ နောက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် အစိုးရအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး တာဝန်သိတဲ့ ရင်းနှီးမြှုပ်နှံမှုတွေ တိုးမြှင့်ရေးနဲ့ အလွဲသုံးစားမှု တားမြစ်ရေးတို့ကို အာမခံသွားမှာဖြစ်ပါတယ်။ ပုဂ္ဂလိကကဏ္ဍနဲ့ အပြည့်အဝ ပူးပေါင်းလုပ်ဆောင်သွားရန် မိမိအားပေးပါတယ်။ ပွင့်လင်းမှု၊ တာဝန်ယူမှုတို့ဖြင့် မိမိတို့ စီးပွားရေးလုပ်ငန်းများဟာ ကောင်းသောစံနမူနာပြလုပ်ငန်းများအဖြစ် ရပ်တည်နိုင်ကြရမှာ ဖြစ်ပါတယ်။

အမေရိကန်ကုမ္ပဏီကြီးတွေက လူ့အခွင့်အရေးချိုးဖောက်မှုများအပါအဝင် ဘယ်ပြဿနာကိုမဆို အစဉ်အမြဲရှောင်ရှားကြဖို့ ကျွန်မတို့ မျှော်လင့်ပါတယ်။ မတရားမှုတွေရှိခဲ့ရင် ဒါတွေကို ဒေသန္တရလူ့အဖွဲ့အစည်းအထိ သိရှိစေဖို့၊ အလုပ်သမားတွေကို သင့်တင့်လျောက်ပတ်စွာဆက်ဆံကြောင်း ပြသဖို့၊ သဘာဝပတ်ဝန်းကျင်ကို အလေးထားဖို့ စီးပွားရေးသမားကောင်းတစ်ယောက်ဖြစ်ဖို့၊ လူအများအတွက် အကျိုးကျေးဇူး ဖြစ်ထွန်းစေမယ့် မျှတတဲ့၊ ရေရှည်ခံတဲ့ စီးပွားရေးတွေကို အားပေးဖို့ ကျွန်မတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ အခြေအနေတွေ ဖန်တီးပေးမယ်လို့လည်း မျှော်လင့်ပါတယ်။

ဥရောပနဲ့ အာရှက ကျွန်မတို့ရဲ့ မိတ်ဖက်များကလည်း အလားတူစံနမူနာကောင်းများကို လေးစားလိုက်နာ လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ပြည်သူတို့အနေနဲ့ မိမိတို့ကို တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမယ့် ဖွံ့ဖြိုးတိုးတက်မှုကို မျှော်လင့်ပိုင်ခွင့်ရှိတဲ့အလျောက် သူတို့ စောင့်ရကျိုးနပ်ကြမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ကုမ္ပဏီတွေနဲ့ အခြားသူတွေက မတရားမှုမျိုးတွေကို အထူးသဖြင့် လူနည်းစုဒေသတွေမှာ ကျူးလွန်တတ်တယ်ဆိုတာကို မိမိတို့ သတိပြုမိပါတယ်။ တပ်မတော်ပိုင် စီးပွားရေးလုပ်ငန်းများအပါအဝင် လူ့အခွင့်အရေးကျူးလွန်ဖောက်ဖျက်တဲ့၊ ပြုပြင်ပြောင်းလဲမှုများကို ဟန့်တားတဲ့ သို့မဟုတ် အကျင့်ပျက်ခြစားမှုနဲ့ ပတ်သက်တဲ့ မည်သူတစ်ဦးတစ်ယောက်မျှ အမေရိကန်နဲ့ ဆောင်ရွက်တဲ့ စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတွေက ထွက်ပေါ်လာတဲ့ ငွေကြေးဆိုင်ရာ အကျိုးကျေးဇူးတွေကို ခံစားခွင့်မရစေဖို့ မိမိတို့ မျက်လုံးဒေါက်ထောက်ကြည့်သွားမှာ ဖြစ်ပါတယ်။ လက်နက်တင်ပို့ရောင်းချခြင်း ပိတ်ပင်ထားတာကိုတော့ ကျွန်မတို့ ဆက်ပြီးထားရှိသွားပါမယ်။ အကြောင်းကတော့ ဖြစ်ထွန်းနေတဲ့ ပြုပြင်ပြောင်းလဲမှုတွေထဲမှာ လက်နက်ကိုင်တပ်ဖွဲ့တွေဟာ အရပ်သားထိန်းချုပ်မှုအောက် ရောက်ရှိသွားတာကို ကျွန်မတို့ မြင်တွေ့ချင်လို့ပဲ ဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာတဲ့ နိုင်ငံတကာ အသိအမှတ်ပြု စီးပွားရေးနဲ့ အလုပ်သမားဆိုင်ရာ ကျင့်ထုံးများ အကျိုးသက်ရောက်မှုရှိလာစေရန်အတွက်လည်း မြန်မာအစိုးရနဲ့ ဆက်လက်ပူးပေါင်း လုပ်ဆောင်သွားကြရမှာဖြစ်ပါတယ်။ ဒါတွေကို လုပ်ဆောင်ရာမှာ အစိုးရအနေနဲ့ ခက်ခက်ခဲခဲ ဆုံးဖြတ်လုပ်ဆောင်ခဲ့ရသလို ရှေ့ဆက်လုပ်ဆောင်သွားလိမ့်မယ်လို့လည်း စွဲမှတ်ထားပါတယ်။ ကျွန်မတို့ ရှုမြင်လိုတာကတော့ နိုင်ငံရေးအကျဉ်းသားများကို ထပ်ပြီး လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့နဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် ဥပဒေစည်းမျဉ်းနဲ့အညီ လက်တွေ့လုပ်ဆောင်မှုများကို အလေးထားဆောင်ရွက်ဖို့ပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ လူမျိုးရေးပဋိပက္ခတွေ အဆုံးသတ်သွားစေရန် အမေရိကန်ပြည်ထောင်စုက အင်တိုက်အားတိုက်ထောက်ခံအားပေးပါတယ်။ အခုလို လူမျိုးပေါင်းစုံ ပူးပေါင်းလက်တွဲနေထိုင်ခြင်းဟာ နိုင်ငံတိုးတက်မှုအတွက် အင်အားတစ်ရပ် ဖြစ်တယ်လို့ ကျွန်မတို့ ရှုမြင်သုံးသပ်ပါတယ်။ မနေ့တုန်းက အမေရိကန်ပြည်ထောင်စုကို အလည်အပတ်ရောက်နေတဲ့ လူမျိုးနှင့် နောက်ခံအကြောင်းအရာ အမျိုးမျိုးကွဲပြားခြားနားတဲ့ လူငယ်တစ်စုနဲ့ ကျွန်မတွေ့ခဲ့ရပါတယ်။ သူတို့တစ်တွေအားလုံး အနာဂတ်အတွက် အတူတကွကြိုးစားလုပ်ဆောင်ကြဖို့ ဆန္ဒရှိနေကြတာကိုမြင်ရတာ တကယ်ကို အားတက်စရာကောင်းပါတယ်။

မကြာသေးခင် ရက်သတ္တပတ်များအတွင်းက ကချင်ပြည်နယ်မှာ ပေါ်ပေါက်ခဲ့တဲ့ ပဋိပက္ခတွေအတွက် ကျွန်မတို့ စိုးရိမ်မကင်းဖြစ်ရပါတယ်။ ဒါပေမယ့် အစိုးရနဲ့ အစိုးရမဟုတ်သောအဖွဲ့အစည်းများ စုံညီစွာပါဝင်နိုင်မယ့် အဓိပ္ပာယ်ရှိတဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ဖြစ်ထွန်းစေနိုင်မယ့် ယန္တရားသစ်တစ်ရပ်အကြောင်း ကြားရတာ တကယ်ဝမ်းသာစရာ ကောင်းပါတယ်။ အစိုးရအနေနဲ့ လုပ်နိုင်တာအားလုံးကိုလုပ်ဖို့လိုသလို ဒီပဋိပက္ခနဲ့စပ်လျဉ်းပြီး စားပွဲရဲ့အခြားတစ်ဖက်က ပုဂ္ဂိုလ်များအနေနဲ့လည်း ပူးပေါင်းဆောင်ရွက်ဖို့ သာတူညီမျှမှုရှိတဲ့ရလဒ်မျိုးကို ရှာဖွေဖို့ ဆန္ဒရှိရမှာဖြစ်ပါတယ်။ ဒီတော့ ရင်ကြားစေ့ရေးဟာ ဦးစားပေးလုပ်ငန်းဖြစ်ပြီး ကျွန်မတို့က ဆက်လက်အားပေးထောက်ခံသွားမှာဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ မြောက်ကိုရီးယားနဲ့ပတ်သက်ပြီး ကျွန်မတို့ရဲ့ စိုးရိမ်မှုတွေကို ဆွေးနွေးခဲ့ကြပါတယ်။ သမ္မတ ဦးသိန်းစိန်က မြောက်ကိုရီးယားနဲ့ စစ်ရေးဆက်ဆံမှုတွေကို ရပ်ဆိုင်းပါတော့မယ်လို့ပြောတဲ့အကြောင်း ကြားသိရလို့ ကျွန်မ အားတက်မိပါတယ်။ နောက်ပြီး အဏုမြူလက်နက် မပြန့်ပွားရေးနဲ့ပတ်သက်ပြီး နိုင်ငံတကာသဘောတူညီချက်ကို အပြည့်အဝ လေးစားလိုက်နာမယ့်အကြောင်းကိုလည်း ဝန်ကြီးက ကျွန်မကို အာမခံခဲ့ပါတယ်။

ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်ပြီး ကျွန်မ အလွန်ပဲအကောင်းမြင်ပါတယ်။ ခက်ခဲမယ်ဆိုတာလည်း ကျွန်မ သိပါတယ်။ ကျွန်မရဲ့တိုင်းပြည်ကိုယ်၌ ရင်ဆိုင်ခဲ့ရတဲ့ စိန်ခေါ်မှုတွေအကြောင်းကို ကျွန်မ မကြာခဏပြည်သူတွေကို သတိပေးရပါတယ်။ ဒါတွေကို လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ရင်ဆိုင်ခဲ့ရတာပါ။ အင်တာနက်မရှိ၊ ရုပ်မြင်သံကြားမရှိ အခြေအနေမျိုးမှာ ကျွန်မတို့ကိုယ်ပိုင်မျှော်လင့်ချက်တွေ၊ ဆန္ဒတွေပြည့်မြောက်စေဖို့အတွက် ကျွန်မတို့တစ်တွေ တစိုက်မတ်မတ် အာရုံစူးစိုက်ရုန်းကန်ခဲ့ကြရပါတယ်။ တကယ်တော့ မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုခရီးစဉ်ဟာ မြန်မာနိုင်ငံအပါအဝင် ထောက်ခံအားပေးရန် သန္နိဋ္ဌာန်ချထားတဲ့ နိုင်ငံအားလုံးအတွက် တကယ်ပင် စိတ်ဝင်စားစရာကောင်းတဲ့ စိန်ခေါ်မှုတစ်ရပ်ပဲ ဖြစ်ပါတယ်။

ကျွန်မ ဝမ်းမြောက်စွာပြောကြားလိုတာကတော့ အမေရိကန် စီးပွားရေးလုပ်ငန်းတွေအနေနဲ့ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကူညီရန် အမေရိကန်အစိုးရမဟုတ်သော အဖွဲ့အစည်းများအနေနဲ့ မြန်မာနိုင်ငံရဲ့ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် အခြားကိစ္စရပ်များ ဖွံ့ဖြိုးစေရန်အတွက် ကူညီပေးနိုင်ရန် အစိုးရအနေနဲ့ လမ်းခင်းပေးလျက်ရှိပါတယ်။

အခုလို လာရောက်တဲ့အတွက် အဆွေတော်ကို ကျေးဇူးတင်ရှိပါတယ်။ နောက်နောင်တွင်လည်း ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်ဖို့ မျှော်လင့်ပါတယ်။

ဝန်ကြီး ဦးဝဏ္ဏမောင်လွင် - နိုင်ငံခြားရေးဝန်ကြီးနှင့် ကြွရောက်လာကြတဲ့ လူကြီးမင်းများ ခင်ဗျား၊ ဝန်ကြီး မစ္စစ်ကလင်တန်ရဲ့ တရားဝင်ဖိတ်ကြားချက်အရ ဝါရှင်တန်ဒီစီကို ကျွန်တော်လာခဲ့တာပါ။ ဒီကနေ့ နေ့လယ်ပိုင်းမှာ နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဖို့ကိစ္စရပ်တွေကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ပါတယ်။ ဒ့ါအပြင် အထက်လွှတ်တော်အမတ်တွေဖြစ်တဲ့ မက်ကိန်း၊ မက်ကောနယ်၊ ဂျင်ဝက်ဘ်တို့နဲ့လည်း တွေ့ဆုံခွင့်ရခဲ့ပါတယ်။ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဝီလီယံဘန်းနဲ့လည်း ညနေမှာ တွေ့ဆုံဖို့ရှိပါတယ်။

ဒီလိုတွေ့ဆုံတဲ့အခါမှာ သမ္မတ ဦးသိန်းစိန်နဲ့ အစိုးရအဖွဲ့ရဲ့ လက်ရှိဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေအပေါ် သူတို့အနေနဲ့ အသိအမှတ်ပြု အားပေးထောက်ခံတဲ့အကြောင်း သူတို့က ထပ်လောင်းပြောဆိုခဲ့ကြပါတယ်။ ဒ့ါအပြင် ချစ်ကြည်ရေးတိုးတက်ခိုင်မာဖို့၊ ကဏ္ဍပေါင်းစုံပူးပေါင်းဆောင်ရွက်ဖို့၊ မြန်မာပြည်သူတွေအတွက် အကူအညီတိုးမြှင့်ထောက်ပံ့ပေးဖို့ အမေရိကန်နိုင်ငံကနေ မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ အရေးယူပိတ်ဆို့မှုနဲ့ ကန့်သတ်မှုတွေကို ဖယ်ရှားပေးဖို့ကိုလည်း ဆွေးနွေးခဲ့ပါတယ်။

မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးနဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေးကြိုးပမ်းမှုတွေကို အမေရိကန်အစိုးရနဲ့ အမေရိကန်ပြည်သူတွေက အားပေးထောက်ခံတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြုပြင်ပြောင်းလဲရေးတွေကို ရှေ့ဆက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့ပါတယ်။ နှစ်နိုင်ငံလုံးမှာ သံအမတ်ကြီး ခန့်အပ်ထားဖို့ ဆုံးဖြတ်လိုက်တာဟာ အနှစ် နှစ်ဆယ်ကျော်ကြာပြီးနောက် ပုံမှန်သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ဖို့အတွက် ကြိုးပမ်းမှုရဲ့ အရေးပါတဲ့ ခြေလှမ်းတစ်ရပ်ပဲဖြစ်ပါတယ်။

သံအမတ်ကြီး ဦးသန်းဆွေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ အမေရိကန်ပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရတဲ့ သံအမတ်ကြီးအဖြစ် ခန့်အပ်သွားမှာဖြစ်ပါတယ်။ သူဟာ လက်ရှိ နယူးယောက်မြို့ ကုလသမဂ္ဂမှာ မြန်မာနိုင်ငံရဲ့ အမြဲတမ်းကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်နေပါတယ်။ သူဟာ မြန်မာနဲ့ အမေရိကန်အကြား ပုံမှန် သံတမန်ဆက်ဆံရေးထားရှိဖို့အတွက် နှစ်နိုင်ငံ စတင်ဆွေးနွေးတဲ့ အချိန်လပေါင်းအတော်များများကတည်းက မြန်မာနိုင်ငံဘက်က ပါဝင်ဆွေးနွေးသူအဖြစ်နဲ့ အကောင်းဆုံးဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် သူ့အပေါ်မှာ ကျွန်တော်ယုံကြည်မှု အပြည့်အဝရှိပါတယ်။

သံအမတ်ကြီး ဒဲရစ်မစ်ချယ်လ်ကို မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် ခန့်အပ်မယ်ဆိုတဲ့အကြောင်း သိရတဲ့အတွက် ကျေနပ်မိပါတယ်။ ပြီးခဲ့တဲ့ ၁၂ လတာကာလအတွင်း သူဟာ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မူဝါဒရေးရာ ညှိနှိုင်းရေးမှူးအဖြစ် အောင်အောင်မြင်မြင် ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီကာလအတွင်း ကျွန်တော်ဟာ သူနဲ့ နီးနီးကပ်ကပ် အလုပ်လုပ်ကိုင်ခွင့်ရခဲ့ပါတယ်။ အဲဒါကြောင့်မို့လို့ သူတို့နှစ်ဦးလုံးအတွက် ကျွန်တော် ကျေနပ်ဂုဏ်ယူမိပြီး သူတို့ရဲ့ အရေးပါတဲ့ တာဝန်သစ်တွေကို အကောင်းဆုံးထမ်းဆောင်နိုင်ပါစေလို့ ဆန္ဒပြုပါတယ်။ ကျွန်တော့်ကို ဝါရှင်တန်ကို တရားဝင်ခရီး လာရောက်လည်ပတ်ဖို့ ဖိတ်ခေါ်တဲ့အတွက် နိုင်ငံခြားရေးဝန်ကြီး ကလင်တန်ကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကို နွေးနွေးထွေးထွေးကြိုဆိုပြီး ဧည့်ဝတ်ကျေပွန်ခဲ့တဲ့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနနဲ့ အမေရိကန်အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ ဝါရှင်တန်မှာ နေထိုင်စဉ်ကာလအတွင်း အစစအဆင်ပြေအောင် ဆောင်ရွက်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဝန်ကြီး မစ္စစ် ကလင်တန်- ကျေးဇူးတင်ပါတယ်။

ဝန်ကြီး ဦးဝဏ္ဏမောင်လွင် - ကျေးဇူးတင်ပါတယ်။

မစ္စ နူလန် - ဒီကနေ့ မေးခွန်းနှစ်ခုရှိပါတယ်။

မေးခွန်း - ဝန်ကြီး မစ္စစ်ကလင်တန်ကို စီးပွားရေးကန့်သတ်မှုတွေကို ဖြေလျှော့ပေးတာနဲ့ပတ်သက်ပြီး မေးချင်ပါတယ်။ အမေရိကန်ကုမ္ပဏီတွေအနေနဲ့ ရေနံနဲ့ဓာတ်ငွေ့အပါအဝင် မြန်မာနိုင်ငံရဲ့ နိုင်ငံပိုင်ကုမ္ပဏီတွေမှာ ရင်းနှီးမြှုပ်နှံမှု လုပ်နိုင်မလား။ အဲဒီကုမ္ပဏီတွေနဲ့ ကုန်သွယ်မှုတွေ လုပ်နိုင်မလား။ ပြီးတော့ ခုနက အမေရိကန်ကုမ္ပဏီတွေရဲ့ လုပ်ငန်းဆိုင်ရာ တာဝန်ယူမှုနဲ့ပတ်သက်ပြီး ဝန်ကြီးပြောသွားပါတယ်။ အမေရိကန်ပြည်ထောင်စုရဲ့ဥပဒေအရ တာဝန်ခံမှုရှိမှာပါလား။

နောက်မေးခွန်းတစ်ခုက နိုင်ငံရေးအကျဉ်းသားတွေကို ဆက်လက်ထိန်းသိမ်းထားမှုနဲ့ ပတ်သက်လို့ နိုင်ငံတကာရဲ့ စိုးရိမ်ပူပန်မှုတွေ အများအပြားရှိနေပါတယ်။ ဒီအကျဉ်းသားတွေဟာ ရာဂဏန်းရှိတယ်လို့ သိရပါတယ်။သူတို့တွေကို လွှတ်ပေးမှာလား။ ဝန်ကြီးအနေနဲ့ ပြောကြားပေးစေချင်ပါတယ်။ တကယ်လို့ လွှတ်ပေးမယ်ဆိုလျှင် ဘယ်အချိန်မှာလွှတ်ပေးမှာလဲ သိချင်ပါတယ်။

ဝန်ကြီး မစ္စစ်ကလင်တန် - ကျေးဇူးတင်ပါတယ်။ ပထမဦးဆုံး ကျွန်မပြောချင်တာက အမေရိကန်ကုမ္ပဏီတွေအနေနဲ့ ကဏ္ဍတိုင်းက ဘယ်စီးပွားရေးလုပ်ငန်းနဲ့မဆို ဆက်ဆံလုပ်ကိုင်နိုင်မယ်လို့ ယူဆပါတယ်။ ကျွန်မတို့ ချမှတ်ထားတဲ့ စီးပွားရေးလုပ်ငန်းဆိုင်ရာ တာဝန်ယူမှုမူဝါဒကို မလိုက်နာမကျင့်သုံးတဲ့ ကုမ္ပဏီ ဒါမှမဟုတ် ကျွန်မတို့သတိပြုမိလောက်တဲ့ အခြားကိစ္စရပ်တွေကို ကျူးလွန်တဲ့ကုမ္ပဏီရှိမှာမဟုတ်ဘူးလို့ ယူဆထားပါတယ်။ ဒါပေမယ့် အမေရိကန်ရဲ့ ရေနံနဲ့ သဘာဝဓာတ်ငွေ့ကုမ္ပဏီတွေ၊ သတ္တုတူးဖော်ရေးကုမ္ပဏီတွေ၊ ဘဏ္ဍာရေးဝန်ဆောင်မှုကုမ္ပဏီတွေဟာ မြန်မာနိုင်ငံနဲ့ သူတို့အတွက် နှစ်ဦးနှစ်ဖက်စလုံး အကျိုးရှိစေမယ့် ရင်းနှီးမြှုပ်နှံမှုတွေကို လွတ်လွတ်လပ်လပ် ရွေးချယ်ရှာဖွေနိုင်လိမ့်မယ်လို့ ယူဆပါတယ်။

အခုဆိုရင် ကျွန်မတို့ဟာ ရည်မှန်းချက်ရှိရှိ တာဝန်ယူမှုရှိရှိနဲ့ ဒီခြေလှမ်းတွေကို စတင်နေပြီဖြစ်ပါတယ်။ အကယ်၍ အချက်အလက်တွေသာ ခိုင်လုံခဲ့မယ်ဆိုရင် ကျွန်မတို့အနေနဲ့ မူဝါဒဖြေလျှော့ရာမှာ အထောက်အကူဖြစ်စေခဲ့တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးအာဏာတွေကို အသုံးပြုပြီး ဒီအရေးယူပိတ်ဆို့မှုတွေကို ပြန်လည်ချမှတ်လို့ ရပါတယ်။ ဒီလိုပဲ ဥရောပသမဂ္ဂ၊ ယူကေနဲ့ တခြားနိုင်ငံတွေကလည်း ကျင့်သုံးခဲ့ပါတယ်။ ရှေ့ဆက်ဆောင်ရွက်သွားရင်းနဲ့ ကျွန်မတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေအနေနဲ့ အမြင့်ဆုံးလုပ်ငန်းဆိုင်ရာတာဝန်ယူမှု စံချိန်စံညွှန်းတွေကို လိုက်နာကျင့်သုံးအောင် ဆောင်ရွက်သွားပါမယ်။

ကျွန်မ မြန်မာနိုင်ငံကို ရောက်ခဲ့စဉ်တုန်းက အလုပ်သမားတွေအပေါ် ဆက်ဆံမှုနဲ့ပတ်သက်လို့ နာမည်ကောင်းမရှိတဲ့၊ ကောင်းမွန်တဲ့လုပ်ငန်းခွင်အခြေအနေမရှိတဲ့၊ ကုမ္ပဏီတစ်ခုလည်ပတ်ဖို့အတွက် လိုအပ်တဲ့အခြေခံအချက်တွေကို လိုက်နာဆောင်ရွက်ခြင်းမရှိတဲ့ ကုမ္ပဏီအချို့အကြောင်းကြားခဲ့ရပါတယ်။ သူတို့တွေဟာ အမေရိကန်ကုမ္ပဏီတွေ မဟုတ်ပါဘူး။ လူတွေက အမေရိကန်ကုမ္ပဏီတွေကိုကြည့်ပြီး အလုပ်သမားတွေအပေါ် ဘယ်လိုဆက်ဆံသင့်တယ်။ သဘာဝပတ်ဝန်းကျင်အပေါ် အလေးထားသင့်တယ်။ ဆိုးရွားတဲ့ ဖောက်သည်တွေနဲ့ မဆက်ဆံသင့်ဘူး။ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းဖြစ်စေ၊ လွတ်လပ်တဲ့ ပုဂ္ဂလိကလုပ်ငန်းပဲဖြစ်စေ စီးပွားရေးကိုလေးစားမှု၊ တာဝန်သိမှုတွေနဲ့ လုပ်ကိုင်သင့်တယ်လို့ မြင်လာစေချင်မိပါတယ်။ ဒါကြောင့်မို့လို့ ဒီအရေးယူပိတ်ဆို့မှုတွေကို ခေတ္တရပ်ဆိုင်းပြီး ရှေ့ဆက်သွားတာဟာ မှန်ကန်တယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။ အမေရိကန်စီးပွားရေးလုပ်ငန်းရှင်တွေ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပြုဖို့ ကျွန်မတို့ စိတ်အားထက်သန်စွာ တိုက်တွန်းနေပါတယ်။

ဝန်ကြီး ဦးဝဏ္ဏမောင်လွင်-အကျဉ်းသားတွေနဲ့ ပတ်သက်တဲ့ မေးခွန်းကိုဖြေရရင် ပြီးခဲ့တဲ့ ၁၂ လ၊ ၁၃ လအတွင်း နိုင်ငံတော်သမ္မတက လွတ်ငြိမ်းချမ်းသာခွင့် (၄)ကြိမ်ပေးခဲ့ပါတယ်။ အကျဉ်းသားပေါင်း ၂၈၀၀၀ လောက်ကို လွှတ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ဆီမှာ ဥရောပသမဂ္ဂနှင့် အမေရိကန်ကနေ နိုင်ငံရေးအကျဉ်းသားလို့ဆိုကြတဲ့ အကျဉ်းသားစာရင်းတွေရရှိထားပါတယ်။ ဇန်နဝါရီလမှာပေးခဲ့တဲ့ လွတ်ငြိမ်းချမ်းသာခွင့်အပြီးမှာ ဒီစာရင်းတွေမှာ ပါဝင်တဲ့သူအတော်များများ လွတ်မြောက်ခဲ့ပြီးဖြစ်ပါတယ်။ ဒီစာရင်းတွေထဲက လူတချို့တော့ ကျန်နေပါသေးတယ်။ အဲဒီစာရင်းတွေကို သေချာစုံစမ်းစစ်ဆေးပြီးတဲ့အခါမှာ သူတို့ဟာ လူသတ်မှု၊ အဓမ္မပြုကျင့်မှု ဒါမှမဟုတ် အကြမ်းဖက်လုပ်ရပ်တွေနဲ့ ပတ်သက်နေမှု စတဲ့ ရာဇဝတ်မှုတွေကို ကျူးလွန်ခဲ့တဲ့ အကျဉ်းသားတွေဖြစ်ကြောင်း တွေ့ရပါတယ်။ ဒါပေမယ့်လည်း သမ္မတအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်အာဏာအရ သင့်တော်တဲ့အချိန်ကျရင် လွတ်ငြိမ်းချမ်းသာခွင့်တွေ ဆက်လက်ပေးသွားမှာ ဖြစ်ပါတယ်။ ဒီလောက်ဆိုရင် ကျွန်တော့်ရဲ့အဖြေဟာ လုံလောက်မယ်လို့ ယူဆပါတယ်။

မစ္စနူလန် - နောက်ဆုံးမေးခွန်းပါ။ ဗွီအိုအေ မြန်မာပိုင်းကပါ။

မေးခွန်း- မေးခွန်းက နှစ်ပိုင်းရှိပါတယ်။ ဝန်ကြီး မစ္စစ်ကလင်တန်နဲ့ ဝန်ကြီး ဦးဝဏ္ဏမောင်လွင် နှစ်ယောက်လုံးကို မေးချင်ပါတယ်။ အမေရိကန်ပြည်ထောင်စုက မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူထားတာတွေကို ဖြေလျှော့ပေးတဲ့အတွက် ဒေသအတွင်း အတော်လေးဩဇာလွှမ်းမိုးနေတဲ့ တရုတ်နိုင်ငံနဲ့

စာမျက်နှာ ၇ ကော်လံ ၁ သို့✿

❖ ဒုသမ္မတမှ

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာချာလီသန်းက တက္ကသိုလ်၏ ရည်ရွယ်ချက်၊ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ သင်္ဘောတည်ဆောက်ခြင်းနှင့် လုပ်ငန်းကော်မတီများ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ တက္ကသိုလ်၏ လက်ရှိအခြေအနေနှင့် လုပ်ငန်းလိုအပ်ချက်များ၊ တက္ကသိုလ်ရှိ ဓာတ်ခွဲခန်းများ၊ သင်ထောက်ကူအလုပ်ရုံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကျောင်းဆင်း ကျောင်းသားများ၏ အလုပ်အကိုင်ရရှိမှုအခြေအနေ၊ အာဆီယံနှင့် အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု လက်မှတ်ရရှိရေးနှင့် တက္ကသိုလ်၏ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ မေးမြန်းရာ ပါမောက္ခချုပ်က ပြန်လည်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဒုတိယဝန်ကြီး ဦးဝင်းရှိန်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် တက္ကသိုလ် ပင်မဆောင်ဥပစာ၌ ခရေပင်ကို အမှတ်တရ စိုက်ပျိုးပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် Marine Hydrodynamic Centre အတွင်းရှိ Ship Model Towing Tank Wave Generating Machineနှင့် Myanmar Maritime Museum (ဓာတ်ပုံပြခန်း)တို့ကိုလှည့်လည်ကြည့်ရှုရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်း(သီလဝါ)ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ညနေ ၄ နာရီခွဲတွင် ရန်ကုန်ဘူတာကြီးသို့ရောက်ရှိရာ ရန်ကုန် ဘူတာကြီး စခန်းသာခန်းမ၌ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က မြန်မာ့မီးရထားလုပ်ငန်းဆိုင်ရာများနှင့် ရန်ကုန် ဘူတာကြီးမှ ရထားပြေးဆွဲမှုများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက သက်တမ်းလွန် ရထားတွဲများ လဲလှယ်မှု၊ ရထားလက်မှတ်မှောင်ခိုပပျောက်ရေးနှင့် အဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်ရေး၊ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာသွားလာနိုင်ရေး၊ မြို့ပတ်ရထားလမ်းတစ်လျှောက် သာယာလှပရေး၊ မြို့ပတ်ရထားပြေးဆွဲမှု၊ သန့်ရှင်းမှုတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် စင်္ကြံ(၁)၊ (၂)နှင့် (၃)တို့၌ ရထားစောင့်ဆိုင်းနေသော ခရီးသွားပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံမေးမြန်းပြီး စင်္ကြံ(၃)၌ရွေ့လျောင်မှ ဆိုက်ရောက်လာသော ရထားတွဲ အခြေအနေကို ကြည့်ရှုစစ်ဆေးကာ တာဝါရှိ ရထားဝင်/ထွက် ထိန်းချုပ်ခန်းကိုလည်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအားလိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ဘူတာကြီးရှိ ရထားတွဲများအား ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရန်ကုန်ဘူတာကြီး တာဝါရှိ ရထားဝင်/ထွက် ထိန်းချုပ်ခန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

❁ စာမျက်နှာ ၆ မှ

ထိပ်တိုက်ဖြစ်လာနိုင်မလား။ ဒီအတွက် တရုတ်အရာရှိတွေကလည်း စိုးရိမ်ပူပန်မှုတွေရှိနေတယ်လို့ ကြားသိနေရပါတယ်။ ပြီးတော့ မနှစ်က မြစ်ဆုံဆည်တည်ဆောက်ရေး ခေတ္တရပ်ဆိုင်းသွားမှုနဲ့ပတ်သက်လို့ တရုတ်နိုင်ငံဘက်က စိတ်ပျက်သွားတာကို တွေ့ခဲ့ရပါတယ်။ ကျေးဇူးတင်ပါတယ်။

ဝန်ကြီး မစ္စစ် ကလင်တန် - ကျွန်မ နေပြည်တော်မှာ ပြောခဲ့တာကို ပြန်ပြောပါမယ်။ ဘယ်နိုင်ငံမဆို သူ့ရဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ဆက်ဆံရေးရပ်ဆိုင်းတာမျိုးကို အမေရိကန်ပြည်ထောင်စုအနေနဲ့ မမျှော်လင့်ပါဘူး။ တရုတ်ဟာ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံကြား ကာလကြာရှည်ခိုင်မာတဲ့ ဆက်ဆံမှုတွေရှိပါတယ်။ ကျွန်မတို့ အခု လုပ်ဆောင်နေတာတွေဟာ မြန်မာနိုင်ငံအစိုးရအဖွဲ့သစ် စတင်ခဲ့တဲ့ နိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေကို ပိုမိုဖွံ့ဖြိုးလာစေဖို့ ထပ်ပြီး အားဖြည့်ပေးတာပါ။ အမေရိကန်ပြည်ထောင်စုအနေနဲ့ ပြည်သူကိုကိုယ်စားပြုတဲ့အစိုးရအဖွဲ့၊ ဒီမိုကရေစီ၊ ကောင်းမွန်တဲ့ လုပ်ငန်းခွင်အခြေအနေ၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးတို့ အပေါ်တန်ဖိုးထားပြီး ရပ်တည်တာဖြစ်တဲ့အတွက် ကျွန်မတို့ရဲ့ ဆက်ဆံရေးဟာ မြန်မာအစိုးရနှင့် ပြည်သူတွေလျှောက်လှမ်းချင်တဲ့ ခြေလှမ်းတွေအတွက် အင်မတန်အထောက်အကူဖြစ်မယ်လို့ မျှော်လင့်ပါတယ်။

ဒီတော့ ဒီကိစ္စဟာ အခြားနိုင်ငံတစ်နိုင်ငံနဲ့ ပတ်သက်တဲ့ ကိစ္စမဟုတ်ပါဘူး။ ကျွန်မတို့နှစ်နိုင်ငံကြားက ကိစ္စသာဖြစ်ပါတယ်။ ကျွန်မတို့မြင်တွေ့ခဲ့ရတဲ့ တိုးတက်ပြောင်းလဲမှုတွေနဲ့ ဒီတိုးတက်ပြောင်းလဲမှုတွေ ရှေ့ဆက်ဖြစ်နိုင်ဖို့ကူညီချင်တဲ့ ကျွန်မတို့ရဲ့ဆန္ဒအပေါ်မှာ အခြေတည်ခဲ့တာပါ။ နိုင်ငံတွေအနေနဲ့ အိမ်နီးချင်းနိုင်ငံများနဲ့ရော ဒေသတွင်းနဲ့ ကမ္ဘာ့နိုင်ငံများနဲ့ပါ ပိုမိုကောင်းမွန်တဲ့ ဆက်ဆံရေးတည်ထောင်လိုကြလိမ့်မယ်လို့ ကျွန်မတို့က အပြည့်အဝ ယုံကြည်ထားပါတယ်။ ဒီတော့ အဲဒါဟာ တိုင်းပြည်အတွက်တံခါးဖွင့်ပေးဖို့၊ ပြည်သူတွေကို အခွင့်အရေးပိုမိုရရှိစေဖို့ ကောင်းမွန်တဲ့ လုပ်ဆောင်မှုပဲဖြစ်ပါတယ်။ ဒီလိုအခြေအနေအတွက် ပါဝင်ဆောင်ရွက်ပေးရတာကို ကျွန်မတို့ အင်မတန်ဝမ်းသာကျေနပ်ပါတယ်။

ဝန်ကြီး ဦးဝဏ္ဏမောင်လွင်-တရုတ်နိုင်ငံနဲ့ ဆက်ဆံရေးနဲ့ ပတ်သက်ပြီးပြောရရင် ကျွန်တော်တို့ဟာ တရုတ်နိုင်ငံနဲ့ ရှည်လျားပြီး အစဉ်အလာရှိတဲ့ ဆက်ဆံရေးသမိုင်းကြောင်းရှိပါတယ်။ ကီလိုမီတာ ၂၀၀၀ ကျော် နယ်နိမိတ်ချင်းထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံတစ်ခုဖြစ်တာကြောင့် တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံအကြားမှာ အလွန်ကောင်းမွန်တဲ့ ဆက်ဆံရေးရှိပါတယ်။ တရုတ်နဲ့ ပူးပေါင်းဆောင်ရွက်မှုတွေရှိပါတယ်။ သူတို့ဆီက ရင်းနှီးမြှုပ်နှံမှုတွေ ဖိတ်ခေါ်နေပါတယ်။ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံနေတာတွေလည်းရှိပါတယ်။ မြစ်ဆုံစီမံကိန်းကို ကျွန်တော်တို့တိုင်းပြည်အတွင်းမှာ စိုးရိမ်ပူပန်မှုတွေရှိတာကြောင့် ခေတ္တရပ်ဆိုင်းခဲ့ခြင်းသာဖြစ်ပြီး တရုတ်နိုင်ငံဘက်ကိုလည်း သေသေချာချာအကြောင်းကြားခဲ့ပါတယ်။ မြစ်ဆုံစီမံကိန်းဟာ တရုတ်မြန်မာပူးပေါင်းဆောင်ရွက်မှုတွေရဲ့ တစ်စိတ်တစ်ပိုင်း ဖြစ်ပါတယ်။ သူတို့အနေနဲ့လည်း အခြေအနေကို ကောင်းကောင်းနားလည်သဘောပေါက်ပါတယ်။ တရုတ်က ဒီစီမံကိန်းရပ်ဆိုင်းမှုနှင့်ပတ်သက်ပြီး စိတ်ပျက်သွားခဲ့တယ်လို့ ကျွန်တော်ကတော့မယူဆပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အာဏာပိုင်တွေနဲ့ သက်ဆိုင်ရာတာဝန်ရှိ ဝန်ကြီးဌာနကို ကျွန်တော်တို့အနေနဲ့ သေသေချာချာရှင်းပြခဲ့ပါတယ်။ တရုတ်ကုမ္ပဏီကလည်း ဒီကိစ္စကို ဆွေးနွေးနေဆဲဖြစ်ပါတယ်။ မြန်မာနဲ့ တရုတ်အကြား အင်မတန်ကောင်းမွန်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေရှိခဲ့တဲ့အတွက် ဒီကိစ္စကြောင့်တော့ တရုတ်နဲ့ အနာဂတ်ဆက်ဆံရေးကို မထိခိုက်ဘူးလို့ ယူဆပါတယ်။

အမေရိကန်ပြည်ထောင်စုနဲ့ ဆက်ဆံရေးနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့မှာ ကမ္ဘာ့နိုင်ငံအားလုံးနဲ့ ကောင်းမွန်ချစ်ကြည်တဲ့ ဆက်ဆံရေးထားရှိမယ်ဆိုတဲ့ ခိုင်မာတဲ့နိုင်ငံခြားရေးမူဝါဒရှိပြီးဖြစ်ပါတယ်။ ဒါကြောင့်လည်း အမေရိကန်နိုင်ငံနဲ့ ခိုင်မာတဲ့ဆက်ဆံရေးတစ်ရပ် တည်ဆောက်နိုင်ဖို့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဝန်ကြီး မစ္စစ် ကလင်တန်-ကျေးဇူးအထူးတင်ပါတယ်။

(သတင်းစဉ်)

PATHEIN EXHIBITION(2012) ဖွင့်ပွဲ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် မေ ၁၉

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် မေ ၁၈ ရက် နံနက် ၉ နာရီခွဲတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် PATHEIN EXHIBITION(2012) ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။ အဆိုပါပြပွဲကို တိုင်းဒေသကြီးစီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးလှခိုင်၊ မြန်မာအနော်ရထာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာနှင့် FATHER LAND ဆောက်လုပ်ရေး ကုမ္ပဏီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး ခရိုင်/မြို့နယ် အုပ်ချုပ်ရေးမှူးများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦး သိန်း အောင် PATHEIN EXHIBITION (2012)ဖွင့်ပွဲအခမ်းအနားတွင် ပြပွဲအတွင်း ခင်းကျင်းရောင်း ချနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၀-၅-၂၀၁၂ (တနင်္ဂနွေနေ့)

၅း၄၀ **"တောင်းတဲ့ဆုနဲ့ပြည့်ပါစေ" တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာအရှင်ကိတ္တိသာရ)**

၁၀း၀၀ အနုပညာရုပ်ဝန်းမှ ရင်ခုန်သံများ "ငါမင်းကို. . ."

၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "The Sign Of Love" (အချစ်သင်္ကေတ) (အပိုင်း-၆)

၂း၅၅ I Got It (Water Puppet)

၄း၀၀ MNL (Yadanarbon Vs Hantharwady) (Live)

၆း၁၅ နေပြည်တော်မှ FLOWER LIGHT

၇း၃၀ ရန်ကုန်မြင်ကွင်းကျယ်

၈း၃၀ ဗီဒီယိုပြခန်း

အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် မေ ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန အရန်မီးသတ်တပ်ဖွဲ့ဝင်များ မွမ်းမံသင်တန်းအမှတ်စဉ်(၉/၂၀၁၂)ဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးဌာန(ရုံးချုပ်)၌ကျင်းပရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်မိုးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၁၁၁ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါ စရိယအဖွဲ့ဝင် လှိုင်သာယာမြို့နယ် သာသနဒ္ဓဂုဏ်ရည်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညိဿရာဘိဝံသထံမှ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။
(သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပညိဿရာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သာရဏီယ ဩဝါဒကထာကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက ဖတ်ကြားချီးမြှင့်တော်မူသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးများတည်ထောင်ထားရှိပြီး ပရိယတ္တိစာမေးပွဲများကို နိုင်ငံတော်အစိုးရကကြီးမှူး၍ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အသီးသီးရှိ ဆရာတော်များ ဦးဆောင်၍ ဒေသဆိုင်ရာ ပရိယတ္တိစာမေးပွဲများကို သက်ဆိုင်ရာ မြို့ရွာဒေသအလိုက် လည်းကောင်း ကျင်းပပေးလျက်ရှိရာ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးမှာမူ ပရိယတ္တိစာမေးပွဲနယ်ပယ်တွင် စွာကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပိဋကသုံးပုံကို အာဂုံရေးဖြေ အောင်မြင်တော်မူသဖြင့် တိပိဋကဓရ တိပိဋကကောဝိဒ အောင်မြင်တော်မူကြသည့် သာသနာ့အာဇာနည် ၁၃ ပါး၊ ပိဋကသုံးပုံကို အာဂုံအောင်မြင်ပြီး နောက်ဆုံးပိုင်းတစ်ပိုင်းသာ ရေးဖြေကျန်ရှိသော တိပိဋကဓရဘွဲ့ရ သာသနာ့အာဇာနည် အရှင်မြတ် သုံးပါး ပေါ်ထွန်းခဲ့ပြီး ဖြစ်ပါ

ပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ဆရာတော်ထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်ကပ်ခံယူမည့် စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ တိပိဋကနိကာယကျောင်းတိုက်မှ ဘဒ္ဒန္တ ကုဏ္ဍာစရိယ သာသနာ့အာဇာနည်အရှင်မြတ်တစ်ပါးနှင့် ပိဋကသုံးပုံနောက်ဆုံးကျမ်းကို အာဂုံအောင်မြင်သဖြင့် တိပိဋကဓရဘွဲ့လက်မှတ် ဆက်ကပ်ခံယူမည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တိပိဋကနိကာယကျောင်းတိုက်မှ ဘဒ္ဒန္တ ပညာ ဂုဏ်ယူဝင့်ကြွားဖွယ် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့်တကွ ပြည်သူပြည်သား ဒါယကာ ဒါယိကာမအပေါင်းတို့မှာ "ပုဂ္ဂလဝိသေသော ဇာနိတဗ္ဗော" ဟူသည်နှင့်အညီ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့အား လေးမြတ်ကော်ရော် သိမှတ်ပူဇော်ကြခြင်းဖြစ်ပါကြောင်း။

ယခုနှစ် (၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲကြီး၌ ပိဋကသုံးပုံအာဂုံရေးဖြေအောင် အရှင်မြတ် တစ်ပါး၊ ပိဋကသုံးပုံအာဂုံအောင် အရှင်မြတ်တစ်ပါး၊ အဘိဓမ္မာဒုတိယပိုင်းနှစ်ကျမ်း ရေးဖြေအောင်မြင်၍ ပိဋကနှစ်ပုံခဲ့အောင် အရှင်မြတ် နှစ်ပါး၊ ပိဋကနှစ်ပုံ ရေးဖြေအောင် အရှင်မြတ်နှစ်ပါး၊ ပိဋကနှစ်ပုံ အာဂုံအောင် အရှင်မြတ် လေးပါး၊ ပိဋကတစ်ပုံ ရေးဖြေအောင် အရှင်မြတ် နှစ်ပါး၊ ပိဋကတစ်ပုံ အာဂုံအောင် အရှင်မြတ် ၂၇ ပါး၊ ဝိနယပိဋက ရှေ့ပိုင်းရေးဖြေအောင် အရှင်မြတ် ၁၀ ပါး၊ ဝိနယပိဋက ရှေ့ပိုင်း အာဂုံအောင် အရှင်မြတ် ၄၄ ပါး စုစုပေါင်း သာသနာ့အာဇာနည် ၉၃ ပါးတို့ အောင်မြင်တော်မူခဲ့ကြပါကြောင်း။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဆရာတော်ထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။(သတင်းစဉ်)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သစ် ပေါ်ထွန်းလာသည့် "သုနက္ခတ္တံ သုမင်္ဂလံ" ချိန်ခါသမယနှင့် လျော်ညီစွာ သာသနာတော်အတွက် အားတက်ဝမ်းမြောက်ဖွယ်ရာ ဖြစ်သည့် တိပိဋကဓရ တိပိဋကကောဝိဒ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ပေါ်ထွန်းလာခြင်းသည် တပည့်တော်တို့ ဒါယကာ ဒါယိကာမများအတွက် ကုသိုလ် အကျိုးတရားများ ဆတက်ထမ်းပိုးတိုးရန် အကြောင်းဖြစ်ပါကြောင်း၊ သာသနာ့အာဇာနည် အရှင်သူမြတ်များအား ဆွမ်းအစရှိသည့် အာမိသာနုဂ္ဂဟဖြင့် လှူဒါန်းထောက်ပံ့ခွင့်ရကြသော နိုင်ငံတော်အစိုးရ အမှူးပြုသည့် ဒါယကာ ဒါယိကာမအပေါင်းတို့ကို "သာသနာတော်သည် ဘုန်းကံပါရမီရှိသူတို့သာရအပ်၏" ဟူသော ဆရာတော်ကြီးများ၏ ဩဝါဒဒေသနာတော်တွင် ပါရှိသည့်အတိုင်း ရှေးကပြုဖန် ဘုန်းကံကြီးမြတ်သူများအဖြစ် အရတော်ပေစွဟု သဒ္ဓါဖြိုးမောက်ဝမ်းမြောက်ကြည်ညိုကြရပါကြောင်း။

နိဂုံးချုပ်အားဖြင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီးအရှည်ခန့်၍ တည်တံ့နေစေရန် ဆရာတော် သံဃာတော်အရှင်မြတ်တို့က ဓမ္မာနုဂ္ဂဟဖြင့် မဆုတ်မနစ် တစ်နှစ်ထက်တစ်နှစ် အားသစ်ကြိုးပမ်း ထမ်းဆောင်တော်မူနေကြသကဲ့သို့ တပည့်တော်တို့ ဒါယကာ ဒါယိကာမများအနေဖြင့်လည်း ပရိယတ္တိဝန်ဆောင် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းကာ ချီးကျူးဂုဏ်ပြုပူဇော်ခြင်း ပစ္စယာနုဂ္ဂဟတို့ဖြင့် အစဉ်မပျက် ကြိုးပမ်းထမ်းဆောင်နေကြမည် ဖြစ်ပါကြောင်း ရှိသေးစွာ လျှောက်ထားရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် တိပိဋကဓရ တိပိဋက

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဆရာတော်ထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စာအဆင့်အမြင့်မားဆုံးနှင့် ရက်အရှည်ကြာဆုံးကျင်းပရသော စာမေးပွဲကြီး ဖြစ်ပါကြောင်း။

တိပိဋကဓရ တိပိဋကကောဝိဒ စာမေးပွဲကြီးကို နှစ်စဉ်မပျက် ကျင်းပခဲ့ရာ ၁၉၄၈ ခုနှစ် ပထမအကြိမ်မှ ယခု ၂၀၁၂ ခုနှစ် (၆၄)ကြိမ်အထိ အောင်မြင်ကြောင်း။

ယခုနှစ် (၆၄)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေး စာမေးပွဲတွင် ပိဋကသုံးပုံ အာဂုံဆောင်ထားပြီး နောက်ဆုံးကျမ်း ရေးဖြေအောင်မြင်ပြီးဆုံးသဖြင့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့လက်မှတ် သိရီလင်္ကာရ သာသနာ့အာဇာနည် အရှင်မြတ်တစ်ပါးတို့ ပေါ်ထွန်းခဲ့ရာ ထိုအရှင်မြတ်နှစ်ပါးအပါအဝင် တိပိဋကဓရ တိပိဋကကောဝိဒ လောင်းလျာ သာသနာ့အာဇာနည် အရှင်မြတ်အပေါင်းတို့အား ချီးကျူးပူဇော်ခွင့်ရရှိကြခြင်းဖြစ်၍ လွန်ကဲထူးခြား

စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် မေ ၁၉

စာရင်းစစ်မှူးများ လုပ်ငန်းခွင်ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၅) ဖွင့်ပွဲကို မေ ၁၈ ရက် နံနက် ၁၀ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်က သင်တန်းသားများသည် အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ ပြောင်းလဲလာသောစစ်ဆေးရေးလုပ်ငန်း အခြေအနေများနှင့် ရင်ပေါင် တန်းနိုင်သော အရည်အချင်းများကို ရယူပိုင်ဆိုင်ထားရန် အထူးလိုအပ်ကြောင်း။

သို့မှသာ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေအရ ပေးအပ်သော စစ်ဆေးရေး အလုပ်များကို ထိရောက် အကျိုးရှိစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်လာနိုင်သည်နှင့်အမျှ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည်လည်း ပြည်သူတို့အတွက် ပို၍ အကျိုးသက်ရောက်မှုရှိသည်ထက် ရှိလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးစီမံကိန်းများ အောင်မြင်မှုအရှိန်အဟုန်သည်လည်း ပို၍ မြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူများ၏ ယုံကြည်အားထားရမှု၊ စစ်ဆေးခံအဖွဲ့အစည်းများ၏ အလေးဂရုထားမှုများ မလွဲမသွေရရှိမည် ဖြစ်ကြောင်း။

စစ်ဆေးရေး လုပ်ငန်းများသည် နိုင်ငံ့အကျိုးနှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးကို ထမ်းဆောင်နေသည့် လုပ်ငန်းဖြစ်၍ မွန်မြတ်လှကြောင်း၊ သင်တန်းသားများသည် နိုင်ငံနှင့် ပြည်သူ့အကျိုးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေက အပ်နှင်းလိုက်သည့် တာဝန်များကို သိက္ခာသမာဓိရှိစွာ အဂတိမလိုက်စားဘဲ ရိုးရိုးကျင့်မြင့်မြင့်ကြံကာ

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်း လုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် ပြောကြားစဉ်။

ဗုဒ္ဓသာသနာတော်မြတ်ကြီးအရှည်ခန့်၍ တည်တံ့နေစေရန် ဆရာတော် သံဃာတော်အရှင်မြတ်တို့က ဓမ္မာနုဂ္ဂဟဖြင့် မဆုတ်မနစ် တစ်နှစ်ထက်တစ်နှစ် အားသစ်ကြိုးပမ်း ထမ်းဆောင်တော်မူနေကြသကဲ့သို့ တပည့်တော်တို့ ဒါယကာ ဒါယိကာမများအနေဖြင့်လည်း ပရိယတ္တိဝန်ဆောင် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့အား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းကာ ချီးကျူးဂုဏ်ပြုပူဇော်ခြင်း ပစ္စယာနုဂ္ဂဟတို့ဖြင့် အစဉ်မပျက် ကြိုးပမ်း ထမ်းဆောင်နေကြမည် ဖြစ်ပါကြောင်း

ကောဝိဒရွေးချယ်ရေးစာမေးပွဲအောင် သာသနာ့အာဇာနည်အရှင်မြတ်များအား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက အဘိဓမ္မာဒုတိယပိုင်း နှစ်ကျမ်းသဘောရေးဖြေ အောင်မြင်တော်မူသော တိပိဋကဓရ တိပိဋက ကောဝိဒ ဘွဲ့တံဆိပ်တော်ရ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မိုးမိတ်ကုန်းမြေ မင်းကွန်းတိပိဋက နိကာယကျောင်းတိုက်မှ အရှင်ကုဏ္ဍာစရိယနှင့် အဘိဓမ္မာ ဒုတိယပိုင်း နှစ်ကျမ်းအာဂုံအောင်မြင်တော်မူသော တိပိဋကဓရ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တိပိဋက ကျောင်းတော်မှ အရှင်ပညာသိရီလင်္ကာရတို့အား ဘွဲ့တံဆိပ်တော်၊ အောင်လက်မှတ်နှင့် သာသနာ့အောင်လံတို့ကို ဆက်ကပ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဆရာတော်ထံ ...က်မှတ်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။(သတင်းစဉ်)

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ပိဋကနှစ်ပုံခွဲအောင် သာသနာ့အာဇာနည်အရှင်မြတ်သုံးပါး၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ပိဋကနှစ်ပုံရေးဖြေအောင် အရှင်မြတ် ငါးပါး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က ဝိနယကောဝိဒ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်နှစ်ပါးနှင့် ဝိနယဓရ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်သုံးပါး၊ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ဝိနယဓရဝိနည်း ပိဋက အာဂုံအောင် အရှင်မြတ်ငါးပါး၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ဝိနယဓရ ဝိနည်းပိဋက အာဂုံအောင်အရှင်မြတ်ငါးပါး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဝိနယဓရ ဝိနည်းပိဋက အာဂုံအောင် အရှင်မြတ်ခြောက်ပါး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဝိနယဓရ ဝိနည်းပိဋက အာဂုံအောင် အရှင်မြတ်ခြောက်ပါး၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ဝိနယဓရ ဝိနည်းပိဋက အာဂုံအောင် အရှင်မြတ် နှစ်ပါး၊ ဥဘတော ဝိဘင်္ဂ ကောဝိဒ ဝိနည်းပိဋက ရှေ့ပိုင်းနှစ်ကျမ်း ရေးဖြေအောင် အရှင်မြတ်သုံးပါးနှင့် ဥဘတော ဝိဘင်္ဂကောဝိဒ အရှင်မြတ် တစ်ပါး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ဥဘတောဝိဘင်္ဂကောဝိဒ ဝိနည်းပိဋက ရှေ့ပိုင်းနှစ်ကျမ်း ရေးဖြေအောင် အရှင်မြတ်ခြောက်ပါးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ဥဘတော ဝိဘင်္ဂကောဝိဒ ဝိနည်းပိဋက ရှေ့ပိုင်းနှစ်ကျမ်း ရေးဖြေအောင် အရှင်မြတ်လေးပါးတို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဥဘတောဝိဘင်္ဂရေ ဝိနည်းပိဋက ရှေ့ပိုင်းနှစ်ကျမ်း အာဂုံအောင် အရှင်မြတ်များအား အောင်လက်မှတ်များကို ဆက်ကပ်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ခေမိန္ဒသာမိထံမှ ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် ဇနီး အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့က အနုမောဒနာ ရေစက်ချတရားတော်ကို နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိပိဋကရေ တိပိဋကကောဝိဒ စာအောင်သံဃာတော် အရှင်မြတ်များအား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ အမှူးပြုသော အဖွဲ့ဝင်များနှင့် ပရိသတ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လောင်းလှူကြသည်။ (သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ဆရာတော်ထံ ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်တို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှိသေစွာ လျှောက်ထားရင်း တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက် တိပိဋကရေ တိပိဋက

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ကိုရီးယားသမ္မတနိုင်ငံ၌ ဆက်သွယ်ရေးညီလာခံတက်ရောက်ခဲ့

နေပြည်တော် မေ ၁၉

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ မေ ၁၅ ရက်မှ ၁၆ ရက်အထိ ကိုရီးယားဆက်သွယ်ရေးကော်မရှင် (Korea Communications Commission - KCC)က ကြီးမှူးကျင်းပသည့် ကိုရီးယားဆက်သွယ်ရေးညီလာခံ (Korea Communications Conference) နှင့် ကမ္ဘာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးညီလာခံ (World Information and Communications Summit)၏ ဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့ International Convention Centre ၌ ကျင်းပသည့် ၂၀၁၂ ကိုရီးယားဆက်သွယ်ရေးညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၁၅ ရက် နံနက် ၁၀ နာရီတွင် ဆိုးလ်မြို့ International Convention Centre ၌ ကျင်းပသည့် ၂၀၁၂ ကိုရီးယား ဆက်သွယ်ရေးညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ၂၀၁၂ ကမ္ဘာ့အိုင်တီပြပွဲတွင် ကိုရီးယားသမ္မတနိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီများ၏ ပြခန်းများကို ကြည့်ရှုကြသည်။

ဆက်လက်၍ International Convention Centre ၌ ကျင်းပသည့် ကမ္ဘာ့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးညီလာခံ၏ ဝန်ကြီးများ အစည်းအဝေးသို့ နိုင်ငံ ၁၈ နိုင်ငံတို့မှ ဝန်ကြီးအဆင့် ခေါင်းဆောင်များနှင့်အတူ တက်ရောက်ကြသည်။

အစည်းအဝေးတွင် New Economy on Connected Society ခေါင်းစဉ်ဖြင့် သက်ဆိုင်ရာနိုင်ငံများ၌ အိုင်စီတီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ စီမံကိန်းများနှင့် တွေ့ကြုံရသည့် အခက်အခဲများကို နိုင်ငံအလိုက် အမြင်ချင်း ဖလှယ်ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက ဆွေးနွေးရာတွင် လက်ရှိအစိုးရသစ်လက်ထက်တွင် ဆက်သွယ်ရေးကဏ္ဍကို ပိုမို၍ ပွင့်လင်းပြီး ထင်သာမြင်သာရှိသည့်ပုံစံဖြင့် တိုးချဲ့ဆောင်ရွက်နေမှု၊ ပြည်တွင်းပြည်ပနှင့် ပုဂ္ဂလိကကဏ္ဍတို့အား တိုးတက်ဆောင်ရွက်ခွင့်ပေးနေမှုများ၊ အိုင်စီတီကဏ္ဍ တိုးချဲ့ဆောင်ရွက်ရာတွင် တွေ့ကြုံလာနိုင်သည့် ကန့်သတ်ချက်နှင့် ကျော်လွှားနိုင်မည့် အစီအစဉ်များကို ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မေ ၁၆ ရက်တွင် KCC ၏ အစီအစဉ်ဖြင့် ဆိုးလ်မြို့ရှိ SK Telecom(SKT) ဒေတာစင်တာနှင့် Network Management Centre တို့ကို သွားရောက်လေ့လာကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းနှင့် အဖွဲ့သည် ညီလာခံမတက်ရောက်မီ မေ ၁၄ ရက် နံနက်ပိုင်းတွင် KCC ၏ ကော်မရှင်နာအဖွဲ့အား KCC ရုံးချုပ်၌ သွားရောက်တွေ့ဆုံခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအား SK Telecom (SKT) ၏ အမှုဆောင်အရာရှိချုပ်နှင့် အဖွဲ့က တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စများ၊ အင်တာနက်အရည်အသွေးမြှင့်တင်ရေး ကိစ္စများနှင့် အိုင်စီတီကဏ္ဍ လူ့စွမ်းအားမြှင့်တင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မေ ၁၅ ရက် နံနက်ပိုင်းတွင် Korea Global IT Project Funding and Engineering Institute (GITI) ဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၌ ကိုရီးယားအစိုးရ၏ အရင်းအနှီးနှင့် နည်းပညာဆိုင်ရာ ကူညီမှုများ ရရှိနိုင်ရေးကို ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မေ ၁၇ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



လုပ်ငန်းဖြစ်၍ မွန်မြတ်လှကြောင်း၊ သင်တန်းသားများသည် နိုင်ငံနှင့် ပြည်သူ့အကျိုးကို ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေက အပ်နှင်းလိုက်သည့် တာဝန်များကို သိက္ခာသမာဓိရှိစွာ အဂတိမလိုက်စားဘဲ ရိုးရိုးကျင့်မြင့်မြင့်ကြံကာ မွန်မြတ်လှသော လုပ်ငန်းကြီးကို ဆောင်ရွက်ရင်း မိမိတို့၏ လုပ်ငန်းစွမ်းဆောင်ရည် အရည်အချင်းများကို ထာဝစဉ် တိုးတက်ရှင်သန်နေအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း မှာကြားခဲ့သည်။

(သတင်းစဉ်)

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင် စာရင်းစစ်မှူးများ လုပ်ငန်းခွင် ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၅) ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့် အခြေအနေ

နေပြည်တော် မေ ၁၉

၂၀၁၂ ခုနှစ် မေ ၁၉ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီတွင် အနောက်တောင်မုတ်သုံလေ ဝင်ရောက်သည့် အခြေအနေကို မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

အမြင့်ဆုံးအပူချိန်စံချိန်သစ်

နေပြည်တော် မေ ၁၉

၂၀၁၂ ခုနှစ် မေ ၁၉ ရက်တွင် အမြင့်ဆုံးအပူချိန် စံချိန်သစ်ကို မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။

ချောက်မြို့၏ ၁၈-၅-၂၀၁၂ ရက် အမြင့်ဆုံးအပူချိန် ၄၆ ဒသမ ၄ ဒီဂရီစင်တီဂရိတ်(၁၁၅ ဒသမ ၅ ဒီဂရီဖာရင်ဟိုက်)သည် လွန်ခဲ့သော နှစ်ပေါင်း ၂၈ နှစ်အတွင်း ယင်းမြို့၏ မေလအတွက် အမြင့်ဆုံးအပူချိန် စံချိန်သစ် ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၁၅-၅-၂၀၁၂ ရက်တွင် ၄၆ ဒသမ ၃ ဒီဂရီစင်တီဂရိတ်(၁၁၅ ဒသမ ၃ ဒီဂရီဖာရင်ဟိုက်)ဖြစ်သည်။

သစ်တောနဲ့ သစ်ပင်
ချစ်ခင်တဲ့ လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက်
ရွှေတိုက်ကိုစိုး

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ (၁၈)ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ကကြီးမှူး၍ မြန်မာနိုင်ငံကအိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် 33rd ASIA PACIFIC JUNIOR GOLF CHAMPIONSHIP 2012 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ၏ စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲကို မေ ၁၈ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ပန်းလှိုင်ဂေါက်ကလပ်၌ ကျင်းပခဲ့သည်။

စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်က ချီးမြှင့်သော ဂုဏ်ပြုအမှတ်တရလက်ဆောင်ကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ဦးအောင်လှဟန်က ပေးအပ်ပြီး ပန်းလှိုင်ဂေါက်ကလပ်ကိုယ်စား ဦးလေးမြိုင် Chief Operation Officer နှင့် ဟောင်ကောင်၊ အိန္ဒိယ၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းအသင်းခေါင်းဆောင်များက လက်ခံကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမျိုးထွန်းက အမျိုးသမီး Group D ပြိုင်ပွဲ၌ ၃၀၀ ချက်ဖြင့် ဒုတိယရရှိသည့် သင်းဝေခိုင် (မြန်မာ)နှင့် ၂၂၁ ချက်ဖြင့် ပထမရရှိသည့် Suwarin Sriphariyaratsamee(ထိုင်း)၊ အမျိုးသမီး Gorup C ပြိုင်ပွဲ၌ ၂၈၅ ချက်ဖြင့် တတိယရရှိသည့် ပွင့်ဖူးနဒီခိုင် (မြန်မာ)၊ ၂၆၁ ချက်ဖြင့် ဒုတိယရရှိသည့် ဖူးပွင့်ရတီခိုင်(မြန်မာ)နှင့် ၂၁၃ ချက်ဖြင့် ပထမရရှိသည့် Papangkorn Tavatanakit (ထိုင်း)၊ အမျိုးသမီး Group B ပြိုင်ပွဲ၌ ၂၅၉ ချက်ဖြင့် တတိယရရှိသည့် Ching Nam Lee(ဟောင်ကောင်)၊ ၂၃၅ ချက်ဖြင့် ဒုတိယရရှိသည့် Seher Kaur Atwal (အိန္ဒိယ)နှင့် ၂၂၆ ချက်ဖြင့် ပထမရရှိသည့် Aditi Ashok(အိန္ဒိယ)၊ အမျိုးသမီး Group A ပြိုင်ပွဲ၌ ၂၂၂ ချက်ဖြင့် တတိယရရှိသည့် Princess Mary Superal (ဖိလစ်ပိုင်)၊ ၂၂၀ ချက်ဖြင့် ဒုတိယရရှိသည့် Parinda Phokan(ထိုင်း)နှင့် ၂၁၈ ချက်ဖြင့် ပထမရရှိသည့်Gurbani Singh(အိန္ဒိယ) တို့အား လည်းကောင်း၊ ဦးလေးမြိုင် (Chief Operation Officer)က အမျိုးသား Group D ပြိုင်ပွဲ၌ ၃၄၅ ချက်ဖြင့် ပဥ္စမရရှိသည့် ကျော်စိုးဟန်(မြန်မာ)၊ ၃၁၁ ချက်ဖြင့် စတုတ္ထရရှိသည့် ဖြိုးဇံ(မြန်မာ)၊ ၂၉၃ ချက်ဖြင့် တတိယရရှိသည့် ကောင်းမြတ်ကျော်(မြန်မာ)၊ ၂၄၅ ချက်ဖြင့် ဒုတိယရရှိသည့် ပြည့်ဖြိုးသူ(မြန်မာ) နှင့် ၂၂၄ ချက်ဖြင့် ပထမရရှိသည့် Thanaphol Aphiny Awutthikul (ထိုင်း)၊ အမျိုးသား Group C ပြိုင်ပွဲ၌ ၂၄၇ ချက်ဖြင့် ပဥ္စမရရှိသည့် ပြည့်မင်းရှိန် (မြန်မာ)၊ ၂၄၃ ချက်ဖြင့် စတုတ္ထရရှိသည့် မင်းစစ်သွေး၊ ၂၃၈ ချက်ဖြင့် တတိယရရှိသည့် Devansh Chadha(အိန္ဒိယ)၊ ၂၃၇ ချက်ဖြင့် ဒုတိယရရှိသည့် KS Kochhar (အိန္ဒိယ)နှင့် ၂၁၂ ချက်ဖြင့် ပထမရရှိသည့် Parathakorn Suyasri (ထိုင်း)၊ အမျိုးသား Group B ပြိုင်ပွဲ၌ ၂၉၇ ချက်ဖြင့် ပဥ္စမရရှိသည့် Piyush Sangwan(အိန္ဒိယ)၊ ၂၉၆ ချက်ဖြင့် စတုတ္ထရရှိသည့် Viraj Madappa(အိန္ဒိယ)၊ ၂၉၆ ချက်ဖြင့် တတိယရရှိသည့် Prakhar Asawa (အိန္ဒိယ)၊ ၂၉၁ ချက်ဖြင့် ဒုတိယရရှိသည့် Phachara Khongwatmai (ထိုင်း)နှင့် ၂၉၁ ချက်ဖြင့် ပထမရရှိသည့် Ekthumrong Luanganuruk(ထိုင်း)၊ အမျိုးသား Group A ပြိုင်ပွဲ၌ ၂၉၂ ချက်ဖြင့် ပဥ္စမရရှိသည့် Nanfa Somnuek (ထိုင်း)၊ ၂၉၁ ချက်ဖြင့် စတုတ္ထရရှိသည့် Abhishek Kuhar(အိန္ဒိယ)၊ ၂၈၉ ချက်ဖြင့် တတိယရရှိသည့် SS Ahmed (အိန္ဒိယ)၊ ၂၈၈ ချက်ဖြင့် ဒုတိယရရှိသည့် S Sharma (အိန္ဒိယ)နှင့် ၂၈၄ ချက်ဖြင့် ပထမရရှိသည့် Naqiuddin Fuad(မလေးရှား) တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက Boy Class A&B ပြိုင်ပွဲ၌ ၂၇၂ ချက်ဖြင့် Over All Championship ဆုရရှိသော Danthai Boonma(ထိုင်း)၊ Girl's Group ပြိုင်ပွဲ၌ ၂၁၄ ချက်ဖြင့် Over All Championship ဆုရရှိသော Kanphanitnan Muang Khumsakul (ထိုင်း)တို့အားလည်းကောင်း၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၄၂၇ ချက်ဖြင့် ဒုတိယရရှိသော အိန္ဒိယအသင်းနှင့် စုစုပေါင်းရိုက်ချက် ၄၁၉ ချက်ဖြင့် ပထမရရှိသော ထိုင်းအသင်းတို့အား လည်းကောင်း၊ အမျိုးသားပြိုင်ပွဲ၌ စုစုပေါင်းရိုက်ချက် ၈၆၉ ချက်ဖြင့် ဒုတိယရရှိသော အိန္ဒိယအသင်းနှင့် စုစုပေါင်းရိုက်ချက် ၈၄၆ ချက်ဖြင့် ပထမရရှိသော ထိုင်းအသင်းတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မြန်မာလူငယ်ဂေါက်သီးရိုက်အသင်း (Myanmar Team Captain) မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အမှုဆောင် ဦးချမ်းဟန်က ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မေ ၁၆ ရက်က ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ဥက္ကဋ္ဌဖလား လူငယ်တင်းနစ်ပြိုင်ပွဲတွင် အသက်(၁၂)နှစ်အောက် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုရ မဖူးပွင့်သူအား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်အမှုဆောင် ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်ခင်အေးအေး ဆုချီးမြှင့်စဉ်။

(မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်)

ဇေယျာရွှေမြေကို မထင်မှတ်ဘဲ အနိုင်ယူခဲ့သည့် ရက္ခပူရ

သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော်

ရန်ကုန် မေ ၁၉

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၁၅)ကို ယနေ့ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရက္ခပူရယူနိုက်တက်အသင်းက ဇေယျာရွှေမြေအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိသွားသည်။

ရက္ခပူရ - ငါးဂိုး

(ချစ်မင်းစိုး-သုံးဂိုး၊ အန်ဒရေ-နှစ်ဂိုး)

ဇေယျာရွှေမြေ - သုံးဂိုး

(စိုးမြတ်သူနှင့် ဆာဆာ၊ ရက္ခပူရမှ ညွန့်ဝင်း ကိုယ့်ဂိုးကိုယ်သွင်း)

ဒုတိယအကျော့ အဖွင့်ပွဲစဉ်တွင် ဧရာဝတီကို ရှုံးနိမ့်ခဲ့သည့် ဇေယျာရွှေမြေတို့ ယခုပွဲတွင်လည်း ရှုံးပွဲဖြင့် ထပ်မံရင်ဆိုင်ခဲ့ရသည်။ ရက္ခပူရအသင်း၏ နှစ်ကြိမ်တိုင် ဦးဆောင်ဂိုးသွင်းယူခြင်းကို ခံခဲ့ရပြီး နောက်မှလိုက်ကစားကာ ဇေယျာရွှေမြေတို့ ပြန်လည်ဦးဆောင်နိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် သုံးဂိုးပြန်ပေးရကာ မထင်မှတ်ဘဲ ရှုံးခဲ့ရခြင်းဖြစ်သည်။ ဇေယျာရွှေမြေခံစစ်ပိုင်းနှင့် ဂိုးသမားညီညီလွင်တို့မှာ ယခုပွဲတွင်လည်း အမှားများထပ်မံကျူးလွန်ခဲ့ကြပြီး ရက္ခပူရအသင်း၏ တိုက်စစ်ဆင်ဂိုးသွင်းမှုများကို လွယ်လွယ်ကူကူခွင့်ပြုခဲ့ရသည်။ ဇေယျာရွှေမြေအသင်းအနေဖြင့် နှစ်ပွဲဆက်ရှုံးပွဲကြုံတွေ့ခဲ့သောကြောင့် ချန်ပီယံဆုမျှော်လင့်ချက်အတွက် ဖိအားဝင်သွားရပြီး ရက္ခပူရအသင်းမှာ နှစ်ပွဲဆက်ရလဒ်ကောင်းများ ရယူနိုင်ခဲ့ပြီး ဂိုးများကို ချစ်မင်းစိုးက ၁၊ ၇၀၊ ၇၃ မိနစ်တို့တွင် သုံးဂိုး၊ အန်ဒရေက ၁၆၊ ၉၆ မိနစ်တို့တွင် သွင်းယူခဲ့ပြီး ဇေယျာရွှေမြေအတွက် ၁၂ မိနစ်တွင် စိုးမြတ်သူ၊ ၄၂ မိနစ်တွင် ဆာဆာတို့က သွင်းယူခဲ့ပြီး ၃၂ မိနစ်တွင် ညွန့်ဝင်းက ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သည်။

ဇေယျာရွှေမြေမှ ဇော်လင်းထွန်း၏ ထိုးဖောက်ဂိုးသွင်းမှုကို ရက္ခပူရဂိုးသမား သန်းဇော်ဝင်းကာကွယ်စဉ်။

ယနေ့ပွဲ

(ဗထူးကွင်း)

ရတနာပုံ - ဟံသာဝတီယူနိုက်တက်

(အောင်ဆန်းကွင်း)

ချင်းယူနိုက်တက် - ရန်ကုန်ယူနိုက်တက်

(သုဝဏ္ဏကွင်း)

မကွေး - မောရဝတီ

နိုင်ငံတကာအားကစားသတင်းများ — နိုင်လင်းကြည်

ယူရို ၂၀၁၂ ပြိုင်ပွဲအပြီးတွင် မိုဒရစ်က အနာဂတ်အရေး ဆုံးဖြတ်မည်ဟုဆို

လန်ဒန် မေ ၁၉

စပါးကွင်းလယ်ကစားသမား လူကာမိုဒရစ်သည် ၎င်း၏အနာဂတ်မှာ တော့တင်ဟမ်ဟော့စပါးအသင်း၌ အဆုံးသတ်မည်မဟုတ်ကြောင်းနှင့် ယူရို ၂၀၁၂ ပြိုင်ပွဲများ ပြီးဆုံးပါက ၎င်း၏ ဘောလုံးသမားဘဝကို အဆင့်မြှင့်တင်နိုင်ရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ အသက် (၂၆)နှစ်အရွယ်ရှိ စပါးကွင်းလယ်ကစားသမား လူကာမိုဒရစ်သည် ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက လန်ဒန်အနောက်ပိုင်းအခြေစိုက် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ရန်ကြိုးပမ်းခဲ့ပြီး ချယ်လ်ဆီးအသင်းနှင့် သဘောတူညီချက် မရရှိခဲ့ကြောင်း Mirror သတင်းဌာနသို့ပြောကြားခဲ့သည်။

လူကာမိုဒရစ်သည် လာမည့်ဘောလုံးရာသီတွင် စပါးအသင်း၌ ဆက်ရှိနေရေးမှာ မသေချာကြောင်း၊ ယူရို ၂၀၁၂ ပြိုင်ပွဲများပြီးပါက မိုဒရစ်အနေဖြင့် ဘာဆက်လုပ်မည်ကို မသိရှိရကြောင်း စပါးအသင်းနည်းပြ ဟယ်ရီရက်နက်က ပြောကြားခဲ့သည်။

ခရိုအေးရှားနှင့် စပါးကွင်းလယ်ကစားသမား လူကာမိုဒရစ်အား မန်ယူအသင်းနှင့် ချယ်လ်ဆီးအသင်းတို့က ယူရို ၂၀၁၂ ပြိုင်ပွဲအပြီးထိ စောင့်ကြည့်နေမည်ဖြစ်ကြောင်းနှင့် နိုင်ငံပွဲပြီးပါက စပါးအသင်းမှ မိုဒရစ်ထွက်ခွာမည်ဆိုပါကခေါ်ယူရန် အသင့်ရှိကြောင်းလည်းဆိုခဲ့သည်။

စပါးကွင်းလယ်ကစားသမား လူကာမိုဒရစ်သည် မိမိအနေဖြင့် လုပ်ခလစာမြင့်သည့်အသင်းကို ရွေးချယ်မည်ဖြစ်ခြင်းကြောင့် မိမိ၏ဘောလုံးသမားဘဝ အနာဂတ်ကို ယူရို၂၀၁၂ ပြိုင်ပွဲအပြီးတွင် ဆုံးဖြတ်မည်ဖြစ်ကြောင်းနှင့် ချယ်လ်ဆီးအသင်းသို့ပြောင်းရွှေ့ရန် ဆန္ဒရှိသော်လည်း ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ်ဝင်ခွင့် မရရှိခဲ့ပါက လာမည့်ဘောလုံးရာသီတွင်လည်း စပါးအသင်း၌သာ ဆက်ရှိနေမည်ဟုဆိုသည်။ ***အင်တာနက်။***

စပါးကွင်းလယ်ကစားသမား လူကာ မိုဒရစ်။

စကော့ပါကာ ယူရို ၂၀၁၂ ပြိုင်ပွဲနှင့် လွဲချော်ဖွယ်ရှိနေ

အင်္ဂလန် မေ ၁၉

အင်္ဂလန်နှင့် စပါးကွင်းလယ်ကစားသမား စကော့ပါကာသည် လာမည့်ဇွန်လတွင် ယှဉ်ပြိုင်မည့် ယူရို ၂၀၁၂ ပြိုင်ပွဲနှင့် လွဲချော်ရဖွယ်ရှိကြောင်း အင်္ဂလန်အသင်းနည်းပြသစ် ရွိုင်းဟော့ဂ်ဆန်က ထုတ်ဖော်ပြောကြားခဲ့သည်။

စကော့ပါကာသည် တစ်ချိန်က အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ်တာဝန်ယူခဲ့သော်လည်း လက်ရှိတွင် ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ် လီဗာပူးကွင်းလယ်ကစားသမား စတီဗင်ဂျာရတ်ကို ရွေးချယ်ခဲ့ပြီး စကော့ပါကာသည် ဖနောင့်ကြောဒဏ်ရာရရှိထားခြင်းကြောင့် ယူရို ၂၀၁၂ ပြိုင်ပွဲနှင့် လွဲချော်ဖွယ်ရှိနေသည်။

ရွိုင်းဟော့ဂ်ဆန်သည် အင်္ဂလန်အသင်း၏ နောက်ဆုံးကစားသမားစာရင်းကို မေ ၂၉ ရက်တွင် တင်သွင်းရမည် ဖြစ်ခြင်းကြောင့် မိမိအနေဖြင့် အကောင်းဆုံးဟုယူဆထားသည့် ကစားသမား ၂၃ ဦးကို ရွေးချယ်ခဲ့ကြောင်း၊ သို့ရာတွင် လက်ရှိအနေအထားအရ စကော့ပါကာကို လူစားထိုးရတော့မည်ဖြစ်ကြောင်း ဆိုသည်။ ထို့ပြင် စကော့ပါကာအား ဆေးဝါးကုသမှုပေးလျက်ရှိသော ဆရာဝန်ကလည်း စကော့ပါကာသည် ယူရို ၂၀၁၂ ပြိုင်ပွဲတွင် ပါဝင်နိုင်မည့် အခြေအနေမရှိကြောင်းနှင့် စကော့ပါကာ၏ ဖနောင့်ကြောဒဏ်ရာကို အာမခံချက်မပေးနိုင်ကြောင်း ပြောကြားခဲ့သည်။

ထို့ကြောင့် စကော့ပါကာနေရာတွင် အစားထိုးရန် ကစားသမား ၂၃ ဦး စာရင်းတွင် မပါဝင်ခဲ့သည့် မန်ယူ ကွင်းလယ်ကစားသမား မိုက်ကယ်ကားရစ်အား မျက်စိကျနေပြီး ယူရို ၂၀၁၂ ပြိုင်ပွဲအတွက် ကွင်းလယ်လူမိုက်ကယ်ကားရစ်ကို ခေါ်ယူရန် ဆန္ဒရှိနေကြောင်း ရွိုင်းဟော့ဂ်ဆန်က ထုတ်ဖော်ပြောကြားခဲ့သည်။ ***အင်တာနက်။***

ကေအိုင်အေလက်နက်ကိုင်အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသဖြင့် ၂၃၀ ကေဗွီ ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်းမှ တာဝါတိုင်အမှတ် (၇၃)၊ (၂၀၆)၊ (၂၀၇)၊ (၂၀၈)ပျက်စီး

နေပြည်တော် မေ ၁၉

မေ ၁၈ ရက် ည ၈ နာရီခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ပန်ကနိုင်းကျေးရွာအနီးရှိ ၂၃၀ ကေဗွီ ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်းတာဝါတိုင် အမှတ်(၇၃)သည် ကေအိုင်အေလက်နက်ကိုင်အဖွဲ့၏ ဖောက်ခွဲဖျက်ဆီးမှုကြောင့် တာဝါတိုင်၏အောက်ခြေ ခြေထောက်တစ်ချောင်းမှာ အုတ်ခုံ၏ အထက် သုံးလက်မခန့်အကွာတွင် နှစ်လက်မခန့်ပြတ်သွားပြီး ကျန်ခြေထောက် နှစ်ချောင်းမှာ အုတ်ခုံ၏အထက်ခြောက်လက်မခန့် အကွာတွင် သုံးလက်မခန့် ပေါက်ထွက်သွားခဲ့သည်။

ကေအိုင်အေလက်နက်ကိုင်အဖွဲ့၏ ဖောက်ခွဲဖျက်ဆီးမှုကြောင့် ပျက်စီးသွားသည့် ၂၃၀ ကေဗွီ ရွှေလီ-မန်စံ မဟာဓာတ်အားလိုင်းတာဝါတိုင်အမှတ်(၇၃)ကို တွေ့ရစဉ်။

(သတင်းစဉ်)

အလားတူ မေ ၁၉ ရက် နံနက် ၂ နာရီ ၄၇ မိနစ်တွင် အဆိုပါ ဓာတ်အားလိုင်းရှိ တာဝါတိုင်အမှတ် (၂၀၆၊ ၂၀၇၊ ၂၀၈) တို့အား မိုင်းခွဲဖျက်ဆီးခံရ၍ တာဝါတိုင်အမှတ်(၂၀၆)နှင့် (၂၀၇) သည် အောက်ခြေ ခြေထောက် လေးချောင်း ပြတ်ထွက်ပြီး မြေပြင်သို့ ပြိုလဲပျက်စီးခြင်း၊ တာဝါတိုင်အမှတ်(၂၀၈)သည် တစ်ဝက်ခန့်တိမ်းစောင်းသွားခြင်းများ ဖြစ်ပွားခဲ့သည်။ အဆိုပါ ဖောက်ခွဲဖျက်ဆီးမှုများကြောင့် ဓာတ်အားပို့လွှတ်နိုင်ခြင်း မရှိသဖြင့် ဓာတ်အားစနစ်အတွင်း ၂၀၀ မဂ္ဂါဝပ် လျော့နည်းပြီး ဓာတ်အားပြတ်တောက်လျက်ရှိကြောင်း သိရှိရသည်။

လက်ရှိအခြေအနေတွင် နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှု ပိုမိုလျော့နည်းသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ တာဝါတိုင်များအား အမြန်ပြုပြင်နိုင်ရေးအတွက် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆွေးနွေး
မှာကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် အစည်းအဝေးခန်းမတွင် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန် ကျိုက်မှော်ဝန်းရေလယ်စေတီတော်အား ဖူးမြော်ကြည်ညို မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ)၊ ရေကြောင်းပညာတက္ကသိုလ်၊ သီလဝါစက်မှုဇုန်နှင့် ရန်ကုန်ဘူတာကြီးတို့ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သူရဦးမြင့်မောင်၊ ဦးအုန်းမြင့်၊ ဦးစိုးမောင်၊ ဦးခင်ရီ၊ ဦးတင့်ဆန်းနှင့် ဒေါက်တာမြအေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ရှိ ကျိုက်မှော်ဝန်းရေလယ်စေတီတော်သို့သွားရောက်ပြီး ဆုတောင်းပြည့် ငါးစပ်ဘုရားနှင့် ကျိုက်မှော်ဝန်းရေလယ်စေတီတော်တို့အား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယသမ္မတ၊ ဇနီးနှင့် အဖွဲ့ဝင်များသည် စေတီတော် ဘက်စုံတည်ဆောက်ရေးအတွက် အလှူငွေများ လှူဒါန်းကြပြီး ဒုတိယသမ္မတသည် စေတီတော်ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဘေးမဲ့ငါးများအား ငါးစာကျွေးကြပြီး လာဘမုနိရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများဖြင့် ကပ်လှူပူဇော်ကြသည်။

ထို့နောက် မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ)- Myanmar International Terminals (Thilawa) - MITT သို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးချိုသန်းမောင်က ရန်ကုန်ဆိပ်ကမ်း၌ သင်္ဘောကြီးများဆိုက်ကပ်နိုင်မှု၊ သီလဝါဆိပ်ကမ်း၌ တန်ချိန် ၂၀၀၀၀ အထိရှိသည့် သင်္ဘောကြီးများ ဆိုက်ကပ်နိုင်မှု၊ သီလဝါဆိပ်ကမ်း၏ အကျယ်အဝန်း၊ ဆိပ်ခံတံတားများ အခြေအနေ၊ ရင်းနှီးမြှုပ်နှံမှု၊ သီလဝါဆိပ်ကမ်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှု၊ ဆိပ်ကမ်းသို့ ဝင်ရောက်ဆိုက်ကပ်ခဲ့သော နိုင်ငံခြားပင်လယ်ကူးသင်္ဘောကြီးများနှင့် ဘဏ္ဍာရေးနှစ်အလိုက် ကုန်နှင့်ကုန်သေတ္တာကိုင်တွယ်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ) အထွေထွေမန်နေဂျာ ဦးမင်းကြည်က သီလဝါဆိပ်ကမ်းဖြစ်ပေါ်လာပုံ၊ ဖွဲ့စည်းပုံ၊ ဝန်ထမ်းအင်အား၊ ဆိုက်ကပ်နိုင်သည့်သင်္ဘောများ၊ ကုန်သေတ္တာကိုင်တွယ်နိုင်မှု၊ နှစ်အလိုက် သင်္ဘောဝင်/ထွက်မှု၊ နှစ်အလိုက် ကုန်သေတ္တာနှင့် ကုန်စည်ကိုင်တွယ်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်က သန်လျင်-ကျောက်တန်းဒေသ မြေအသုံးချမှု၊ သီလဝါအထူးစီးပွားရေးဇုန် တည်နေရာနှင့် အကျယ်အဝန်း၊ ဇုန်ဖွဲ့စည်းပုံအဆင့်ဆင့်၊ ဇုန်၏ လက်ရှိလုပ်ငန်းများ၊ သီလဝါအထူးစီးပွားရေးဇုန်အတွက် အဆင့်မြှင့်ရမည့် အခြေခံအဆောက်အအုံများ၊ သီလဝါဆိပ်ကမ်းဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်ထားမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ သိလိုသည်များကိုမေးမြန်းရာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် သီလဝါဆိပ်ကမ်း အထွေထွေမန်နေဂျာတို့က ပြန်လည်ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့❖

မြန်မာနိုင်ငံအပေါ် ငွေကြေးဆိုင်ရာ ပိတ်ဆို့ကန့်သတ်မှုများကို ဆိုင်းငံ့သည့်အမိန့်အား သမ္မတ အိုဘားမားက ထုတ်ပြန်ပေးမည် မြန်မာနိုင်ငံတွင် လူမျိုးရေးပဋိပက္ခများ အဆုံးသတ်သွားစေရန် အမေရိကန်ပြည်ထောင်စုက အင်တိုက်အားတိုက်ထောက်ခံ လူမျိုးပေါင်းစုံ ပူးပေါင်းလက်တွဲနေထိုင်ခြင်းသည် နိုင်ငံတိုးတက်မှုအတွက် အင်အားတစ်ရပ်ဖြစ်သည်ဟု ရှုမြင်သုံးသပ်

နေပြည်တော် မေ ၁၉

အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ကလင်တန်၏ ဖိတ်ကြားချက်အရ အမေရိကန်နိုင်ငံသို့ တရားဝင်ခရီးရောက်ရှိနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် မေ ၁၇ ရက် မွန်းလွဲပိုင်းတွင် မစ္စစ် ကလင်တန်နှင့် ၎င်း၏ ရုံးခန်း၌ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက လွန်ခဲ့သော တစ်နှစ်တာကာလအတွင်း နှစ်နိုင်ငံပုံမှန်ဆက်ဆံရေး ပြန်လည်ထူထောင်နိုင်ရေးအတွက် မြန်မာဘက်မှ ဆောင်ရွက်ချက်များ၊ မြန်မာနိုင်ငံ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် အမျိုးသားစည်းလုံးညီညွတ်မှုပြန်လည်တည်ဆောက်ရေးတို့နှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။ အမေရိကန်အနေဖြင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများ အလုံးစုံပယ်ဖျက်ရေးနှင့် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် လူ့အခွင့်အရေးကော်မရှင်တို့တွင် မြန်မာနိုင်ငံနှင့်စပ်လျဉ်း၍ တစ်ဖက်သတ်ချမှတ်ထားသည့် လူ့အခွင့်အရေးဆိုင်ရာ အဆိုမူကြမ်းများ ဆက်လက်တင်သွင်းနေခြင်းအပေါ် ရပ်ဆိုင်းပေးရန်လည်း ထည့်သွင်းပြောကြားခဲ့သည်။

မစ္စစ် ကလင်တန်က ပြောကြားရာတွင် ယခုခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေး တိုးမြှင့်ရေးအတွက် မိမိတို့၏ သန္နိဋ္ဌာန်ချမှတ်မှုများကို ထပ်လောင်းအတည်ပြုသည့် သမိုင်းဝင်ခရီးစဉ်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၌ အမေရိကန်စီးပွားရေးလုပ်ငန်းများ ဝင်ရောက်လုပ်ကိုင်နိုင်ရေး၊ ကုန်သွယ်မှု ငွေပေးငွေယူရှင်းတမ်းများ ပြုလုပ်နိုင်ရေး၊ အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးအဖွဲ့အစည်းများမှ ငွေကြေးများ ချေးယူနိုင်ရေးအတွက် လမ်းဖွင့်ပေးနိုင်ရန် မြန်မာနိုင်ငံအပေါ်သတ်မှတ်ထားသည့် ငွေကြေးဆိုင်ရာ ပိတ်ဆို့ကန့်သတ်မှုများကို ဆိုင်းငံ့သည့် အမိန့်တစ်ရပ်အား သမ္မတ အိုဘားမားမှ ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း၊ ထိုအမိန့်အရ မြန်မာနိုင်ငံ၌ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ သတ္တု စသည့် ကဏ္ဍများအပါအဝင် စီးပွားရေးလုပ်ငန်းကြီးများတွင် အမေရိကန် စီးပွားရေးလုပ်ငန်းရှင်များမှ ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်ရန် ကင်းလွတ်ခွင့်ပြုနိုင်သည့် အခွင့်အာဏာကို နိုင်ငံခြားရေးဝန်ကြီးအား ပေးအပ်ထားပါကြောင်း၊ လောလောဆယ်ကာလတွင် လက်နက်ရောင်းဝယ်မှုပိတ်ပင်သည့် တားမြစ်ချက်မှလွဲ၍ ကျန်ကန့်သတ်ချက်များကို ဆိုင်းငံ့ထားမည်ဖြစ်ပါကြောင်း၊ ဤသို့ ဆောင်ရွက်ရခြင်းမှာလည်း ကွန်ဂရက်တွင် လုပ်ထုံးလုပ်နည်းဥပဒေများအရ ကန့်သတ်ချက်များကို လုံးဝရုပ်သိမ်းနိုင်ရေးအတွက် အကန့်အသတ်များရှိနေသေး၍ ဖြစ်ပါကြောင်း၊ ကျန်းမာရေး၊ ပညာရေး စသည့် ကဏ္ဍများတွင် ကူညီထောက်ပံ့မှုများ **စာမျက်နှာ ၆ ကော်လံ ၁ သို့✳**



အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ကလင်တန်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်တို့ သတင်းစာရှင်းလင်းပွဲ၌ သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။